ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့ (23-2-2012) (၇၀၄၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၈)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့အား လားရှိုးမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည် သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက် သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မူဆယ်ခရိုင်အတွင်း စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်တစ်ခု ဖွင့်လှစ်နိုင်အောင် စူးစမ်းလေ့လာလျက်ရှိ နိုင်ငံ့ဝန်ထမ်းများတာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိရှိဖြင့် တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်

သန့်ရှင်းသောအစိုးရဖြစ်အောင် နိုင်ငံတော်ကလုပ်ဆောင်နေချိန်တွင် ဝန်ထမ်းများက လာဘ်ပေးလာဘ်ယူကိစ္စများ ရှောင်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဦးအုန်းမြင့်၊ ဦးခင်ရီနှင့် ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးခင်ဇော်၊ ဦးကျော်လွင်၊ ဦးဝင်းသန်း၊ ဒေါက်တာကံဇော်၊ ဦးအောင်သန်းဦးနှင့် ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၃-၂-၂၀၁၂ (ကြာသပတေးနေ့)။

အခွင့်အခါကြုံ အချိန်အခါမလင့်

အခွင့်အလမ်း၊ အချိန်အခါနှင့် အခြေအနေကောင်းများကို လူတိုင်းကြုံခွင့်ရတတ်ကြသည်။ ကြီးပွားတိုးတက်ရန် အခါကောင်း အခွင့်ကောင်းသည် အမြဲတမ်းရှိနေသည်မဟုတ်။ သို့ရာတွင် အလုပ်လုပ်နေသူများအတွက် အခါကောင်း အခွင့်ကောင်းသည် အကြောင်းအားလျော်စွာ ပေါ်ပေါက်လာစမြဲဖြစ်သည်။ထိုအခွင့်အရေးကို လက်မလွှတ်စေဘဲ အမိအရယူ၍ အကျိုးရှိအောင် အသုံးပြုတတ်ရသည်။ ထို့အပြင် အခါကောင်း အခွင့်ကောင်းသည် အလကားရလာခြင်းမဟုတ်၊ ကြိုးစားမှုက ဖြစ်ပေါ်လာသောအရာဖြစ်သည်။ အလကားနေသူများအတွက် အခွင့်ကောင်း အခါကောင်း မရှိချေ။

အများပြည်သူ ဖူးမြော်ကြည်ညိုရန် နိုင်ငံတော်အကြီးအကဲပုဂ္ဂိုလ်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာခဲ့သည်။ ဤသို့ကြုံရဆုံရခဲလှသော ဗုဒ္ဓမြတ်စွယ်တော်ကို အခွင့်အရေးရလို့ ဖူးမြော်ခွင့်ရခဲ့ကြသလို အကြောင်းအမျိုးမျိုးကြောင့် ဖူးမြော်ခွင့်မကြုံရသူများလည်း အများအပြားရှိကြသည်။

ထို့အတူ အခြားသောအခွင့်အလမ်းများဖြစ်ကြသည့် လိမ္မာသိတတ်နားလည်မှုရှိသော သားသမီးကို မိဘက အချစ်ပိုတတ်တာမျိုး၊ ကြိုးစား၊ ရိုးသား၊ ဆိုဆုံးမနာခံတတ်သော တပည့်ကို ဆရာက စေတနာ၊ ကရုဏာပိုတတ်တာမျိုး၊ တာဝန်သိ၊ သစ္စာရှိ၊ ကျိုးနွံစွာလုပ်ကိုင်ဆောင်ရွက်သောလက်အောက်ငယ်သားကို အကြီးအကဲက အားကိုးယုံကြည်ပြီး မြှောက်စားတတ်တာမျိုး စသည့်အခွင့်အလမ်းများ ပေးတတ်ကြသည်။

တွေ့ကြုံလာသည့် အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်ရယူပြီး အကျိုးရှိအောင် အသုံးချတတ်သူရှိသလို အခွင့်အလမ်း ကြုံမှန်းမသိ လက်လွှတ်ဆုံးရှုံးရသူများလည်း ရှိကြသည်။ တချို့က ပေးကားပေး၏မရ ဆိုတာမျိုးလို ယူရကောင်းမှန်းလည်း မသိပေ။ တစ်ခါတစ်ရံ အကျိုးလို၍ ညောင်ပင်ရေလောင်းသလို အခွင့်အလမ်းကို ရအောင်ဖန်တီးကြိုးစားယူတတ်ကြသည်။ တစ်ခါတလေကံ၊ ဉာဏ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယဆိုသည့် စွမ်းစွမ်းတမံ စွမ်းဆောင်သည့်အရည်အသွေး၊ အရည်အချင်းများကြောင့် အခွင့်အလမ်းကောင်းများ ပွင့်လန်းလာတတ်သည်။ စိုင်ကော်လို့ ချုံပေါ်ရောက်၊ ထင်ပေါ်လို့ စင်တော်ကောက်ခံရသည်။ အနစ်နာခံ၊ ပင်ပန်းဆင်းရဲခံတတ်သည့် ဆောင်ရွက်မှုကြောင့် အနာခံမှ အသာစံခွင့်ကြုံတာမျိုးလည်းရှိသည်။

အချိန်အခါ၊ အခြေအနေပေး၍ ကောင်းသောအခွင့်အလမ်းကြုံတွေ့ပါလျက်နှင့် ရှောင်လွှဲနေပါလျှင် အချိန်လွန်သည့်အခါမှ နောင်တရတတ်ကြသည်။ အချိန်ရှိခိုက် လုံ့လစိုက်စေချင်သည်။ အချိန်သည် တစ်နေ့ပြီး တစ်နေ့၊ တစ်ရက်ပြီး တစ်ရက်၊ တစ်နှစ်ပြီးတစ်နှစ် တရွေ့ရွေ့ကုန်ဆုံးလျက်ရှိသည်။ တစ်နေ့တာ အချိန်ဘယ်လိုကုန်ဆုံးခဲ့သည်ကို ဆန်းစစ်ကြည့်ဖို့ လူကြီးသူမ ဆရာသမားတို့၏ ဆိုဆုံးမစကား ကြားနာခဲ့ရသည်။ ပညာ၊ ဥစ္စာ၊ ကုသိုလ် တစ်ခုခုတော့ အနည်းဆုံးရအောင်ယူရမည်၊ ရအောင်လုပ်ရမည်ဟု ဆိုပေသည်။

ငယ်ရွယ်စဉ်အချိန်၌ ပညာသင်ဖို့အခွင့်အလမ်းများ ရရှိကြသော်လည်း လူမှုရေး၊ စီးပွားရေး စသည့်အခက်အခဲ၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ခွင့်မရသူများလည်း ရှိကြသည်။ ပညာသင်ရန် အခွင့်အလမ်းများရရှိကြသော်လည်း ပညာကို ကြိုးစားသင်ရမှန်းမသိဘဲ ပျင်းရိလေးဖင့်စွာနေတတ်သလိုနေပြီး အကျိုးမဲ့ အချိန်တွေဖြုန်းတီးကြသူများလည်း ရှိသည်။ ပညာမတတ်တော့ ဘာဖြစ်မလဲ၊ အချိန်တန် နွားပိန်ကန်မည် စသည့်မကောင်းသောအတွေးအခေါ် အမူအကျင့်များနှင့် တလွဲဆံပင်ကောင်းချင်သူများလည်း ရှိသည်။ ပညာမတတ်လျှင် အများခိုင်းတာလုပ်ရမည်သာဖြစ်သည်။

ပညာကိုလေ့လာဆည်းပူးသင်ကြားတတ်မြောက်မှ အသိပညာတိုးပွားမည်၊ အတတ်ပညာတတ်ကျွမ်းမည်၊ ဗဟုသုတ ဉာဏ်ပညာ ကြွယ်ဝမည်ဖြစ်သည်။ ပညာရဲရင့်ပွဲလယ်တင့်၊ ပညာရွှေအိုးလူမခိုး၊ ပညာ့ဂုဏ်ရောင် ထွန်းလင်းပြောင် စသည့် တန်ဖိုးမဖြတ်နိုင်သော ပညာ၏ ဂုဏ်ရည်ဂုဏ်သွေးဆိုရိုးစကားများပင် ရှိခဲ့ကြသည်။ အသိပညာ၊ အတတ်ပညာ သိကျွမ်းတတ်မြောက်မှသာ စားရေး၊ ဝတ်ရေး၊ နေရေးတည်းဟူသော ဘဝရပ်တည်ဖို့ လုပ်ဆောင်နိုင်မည်။ ဥစ္စာပစ္စည်းရှာဖွေနိုင်မည်။ သို့မှသာ တိုင်းပြည်အကျိုး၊ သာသနာ့အကျိုးများကိုလည်း စိတ်ချမ်းမြေ့စွာ တစ်ထောင့်တစ်နေရာက စွမ်းဆောင်နိုင်မည်ဖြစ်ပေသည်။

ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် ကုသိုလ်ရှာပါဆိုသည့် အရွယ်အပိုင်းအခြား ဆိုစကားအတိုင်း အချိန်တွေအလဟဿမကုန်ဆုံးစေချင်ပါ။ အချိန်ဆိုသည့် နာရီစက်မောင်းက ပုံမှန်ခုတ်မောင်းနေမည်သာ။“ခြကိုပုံထား ပျားကိုပုံပြု ပမာပြု၍ ကုသိုလ်၊ ဥစ္စာ၊ တတ်ပညာကို ကောင်းစွာဆည်းထွေ စုတတ်စေလော့” ဆိုသကဲ့သို့ တစ်နေ့တာ တစ်ရက်တာမှစ၍ တစ်သက်တာအချိန်အတွင်း ပညာ၊ ဥစ္စာ၊ ကုသိုလ် တစ်ခုခုကို ရနိုင်သလောက်ရအောင် အစဉ်အမြဲ ဆန်းစစ်ကြည့်ရင်း ကြိုးပမ်းအားထုတ်ကြစေချင်ပါသည်။ ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကို၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကို၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော် ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးဌေးနိုင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသီဟန်ဦး အပါအဝင် အဖွဲ့ဝင် ၁၈ ဦး လိုက်ပါသွားကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ONL Consultants, Inc. နှင့် Maybank ATR Kim Eng Capital Partners, Inc.မှ တာဝန်ရှိသူများသည် ယမန်နေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ယနေ့နံနက်ပိုင်းတွင် OCBC Bank ၏ Financial Institutions & Enterprise Banking ဆိုင်ရာ အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် Global Head Mr. Linus Goh Ti Liang နှင့်အဖွဲ့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအနက် ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ၊ မြန်မာနိုင်ငံရှိဘဏ်များနှင့် OCBC တို့အကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ၊ ဆက်လက်၍ ဘဏ်လုပ်ငန်း တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား OCBC Bank ၏ Financial Institutions & Enterprise Banking ဆိုင်ရာ အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် Global Head Mr. Linus Goh Ti Liang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

သာသနာနုဂ္ဂဟဘွဲ့ တံဆိပ်လက်ခံမည့် လူပုဂ္ဂိုလ်များ ဖိတ်စာထုတ်ယူနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

၁၃၇၃ ခုနှစ် တပေါင်းလပြည့်နေ့ ၂၀၁၂ ခုနှစ် မတ် ၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား၌ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များကို လက်ခံကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာ ဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက် ဖုန်း ၀၆၇- ၄၀၆၀၄၅ ထံတွင် မတ် ၃ ရက်မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၂-၂၀၁၂ (ကြာသပတေးနေ့)

၈း၁၅	ဇာတ်လမ်းတို
၄း၃၀	ဗွီစီဒီကျော်ကြားတေး
၄း၄၀	မွေးမြူသုတ
၅း၀၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ(ရူပဗေဒ)
၅း၃၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၄၆)**
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၂၇)
၇း၀၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ‘ကွန်ဖူးဘုရင်ဘရုစ်လီ’ (အပိုင်း-၈)** -အနုပညာရှင်၏တစ်နေ့တာ -လျှပ်တစ်ပြက် -ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် **-ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ‘ငှက်ကလေးရဲ့ကွန်းခိုရာ’ (အပိုင်း-၁၃) -ရသစုံလင်ရုပ်မြင်သံကြား ‘သမုဒယနှောင်ကြိုး’ (အပိုင်း-၅)**

❐ **ကျောဖုံးမှ**

အခြားစီမံကိန်းများလည်း ရှိနိုင်ပါကြောင်း၊ ထို့အပြင် မလိုအပ်သော အသုံးစာရင်းများကို လျှော့ချခြင်းအားဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ခြင်းတွင် အခွန်ဝင်ငွေတိုးတက်ရရှိရေးအတွက် အခွန်ဥပဒေများနှင့် အခွန်ကောက်ခံမှုစနစ်များကောင်းမွန်ရေး၊ အများပြည်သူများ အခွန်ထမ်းဆောင်လိုစိတ်ရှိသော၊ ထမ်းဆောင်နိုင်သော ဝင်ငွေ၊ လုပ်ခ၊ လစာများ သတ်မှတ်ပေးရေးနှင့် အခွန်ကောက်ခံမှုစနစ်ဥပဒေများကို အမြန်ဆုံးတင်ပြနိုင်ရေးအတွက် လွှတ်တော်က တိုက်တွန်းသွားရန်လည်း မိမိက အဆိုတင်သွင်းလိုပါကြောင်း။

ပြည်သူများ၏ ဘဏ္ဍာငွေများကို ပြည်သူ့ကိုယ်စားလှယ်များက သေချာစွာစစ်ဆေးပြီး မသုံးသင့်သည်များ၊ မကုန်သင့်သည့်ကိစ္စရပ်များကို စနစ်တကျ ပြည်ထောင်စုလွှတ်တော်မှ စိစစ်ဆောင်ရွက်ပေးပါက ဝန်ထမ်းများ၏ လစာနှင့်စရိတ်အား အတိုင်းအတာတစ်ခုအထိ အမှန်တကယ် တိုးမြှင့်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ဝန်ထမ်းကောင်းမှ အစိုးရကောင်းမည်ဖြစ်သကဲ့သို့ အစိုးရကောင်းမှ နိုင်ငံနှင့် ပြည်သူများအကျိုးခံစားရမည်ဖြစ်ပြီး ဝန်ထမ်းများကို နိုင်ငံတော်၏ ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များက စေတနာထားအသိအမှတ်ပြုမှုကို လက်တွေ့ခံစားရရှိကာ စိတ်ဓာတ်နှင့် စည်းကမ်းများကောင်းမွန်စွာဖြင့် အင်ပြည့်အားပြည့် ပါဝင်လာပါက နိုင်ငံတော်တည်ဆောက်ရေးတွင် စွမ်းအင်များ တိုးမြှင့်ရရှိလာမည်ဖြစ်ပါကြောင်း။

အနာဂတ်တွင် မိမိတို့နိုင်ငံတော်က ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကိုလည်း အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ Clean Government, Good Governance ဖြစ်ရန်အတွက် ဆောလျင်စွာအသက်ဝင်လာသည်နှင့်အမျှ နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့်ခရီးအတွက်လည်း ရင်အေးရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုကျင်းပနေသော ပြည်ထောင်စုလွှတ်တော်ကြီးက နိုင်ငံတော်အစိုးရ (အုပ်ချုပ်ရေးအဖွဲ့)မှ တင်ပြလာသော အမျိုးသားစီမံကိန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းများအား စေတနာအမှန်ဖြင့် လေ့လာသုံးသပ်ဆုံးဖြတ်၍ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ဂုဏ်၊ ပြည်ထောင်စုလွှတ်တော်ကြီး၏ဂုဏ်၊ ပြည်ထောင်စုကိုယ်စားလှယ်များ၏ဂုဏ်ကို ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိကြောင်း သိရသည်။

အဆိုဆက်လက်ဆွေးနွေးခြင်းကဏ္ဍ၌ ဖေဖော်ဝါရီ ၁၃ ရက်ကတင်သွင်းခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်က လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးဆွေးနွေးခဲ့သော မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အမျိုးသားပို့ဆောင်ရေးကွန်ရက်မူဝါဒ (National Transport Network Policy)ချမှတ်ရေးဆွဲဆောင်ရွက်ရန်၊ စီမံကိန်းအသစ်များကို စီးပွားရေးတွက်ခြေကိုက်မှုရှိ /မရှိ၊ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးကျေးဇူးရှိ /မရှိ၊ ရည်မှန်းချက်များပြည့်မီနိုင်ခြင်း ရှိ/မရှိ အသေးစိတ်စစ်ဆေးပြီးမှသာ ရေးဆွဲ**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး(၁၃)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအားတွေ့ရစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ရန်နှင့် စီမံကိန်းများအလိုက် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ခွင့်ပြုသည့် တန်ဖိုးငွေများကို သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ချပြအသိပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်က ပြည်သူများထည့်ဝင်သည့် အခွန်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်နေသော စီမံကိန်းများလုပ်ဆောင်ရာတွင် ပြည်သူများအတွက်အကျိုးရှိကြောင်း သိရှိလာပါက ယုံကြည်မှုရှိလာသည်နှင့်အမျှ အခွန်ငွေများပိုမိုရရှိလာနိုင်ပါကြောင်း၊ သို့ဖြစ်၍ အဆိုကိုထောက်ခံပါကြောင်းဖြင့်ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးကွန်ရက်ကို မဖြစ်မနေတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ မူဝါဒတွင်လည်း Efficient Transport Network System ၌ Demand and Supply Concept အပေါ်မူတည်ပြီးတည်ဆောက်ရန်ဟု ပါရှိပါကြောင်း၊ လေကြောင်းပို့ဆောင်ရေးနှင့်ပတ်သက်၍ အခြေခံအားဖြင့် လေယာဉ်ပျံနှင့် လေယာဉ်ကွင်းများအား တည်ဆောက်ပေးထားပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း တည်ဆောက်ထားပြီးသောပစ္စည်းများမှာ အိမ်ဆောက်ပစ္စည်းများ စုထားသကဲ့သို့ ဖြစ်နေပါကြောင်း၊ ထိုပစ္စည်းများကိုစုစည်း၍ စနစ်တကျဖွဲ့စည်းနိုင်မှသာလျှင် ကွန်ရက်ဖြစ်ပေါ်လာပြီး ဝန်ကြီးဌာနနှင့် လေကြောင်းလိုင်းများအနေဖြင့် သင့်တင့်သော အမြတ်အစွန်းများရရှိနိုင်မည်ဖြစ်ပါကြောင်းနှင့်မိမိတို့၏ဝန်ဆောင်မှုကို စားသုံးသူများအတွက်လည်း စျေးနှုန်းချိုသာနိုင်မည်ဖြစ်ပါကြောင်း၊ ရေကြောင်းပို့ဆောင်ရေးနှင့်ပတ်သက်၍လည်း ထိုနည်းတူပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ ပို့ဆောင်ရေးကွန်ရက်တည်ဆောက်နိုင်ခြင်းမရှိသေးပါကြောင်း။

ယခုတင်ပြသည့် အမျိုးသားပို့ဆောင်ရေးကွန်ရက်မူဝါဒ ချမှတ်ဆောင်ရွက်ရေးသည် မဖြစ်မနေရှိရမည့်ကိစ္စဖြစ်ပြီး ရှိပြီးသားဖြစ်ရန်လည်းလိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ပို့ဆောင်ရေးကဏ္ဍအနေဖြင့် အမှန်တကယ် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကလည်း တစ်နေရာမှတစ်နေရာသို့ အချိန်မှန်မှန်နှင့် ဈေးနှုန်းသက်သာစွာ ရောက်ရှိနိုင်ရေးအတွက် ပို့ဆောင်ရေးကွန်ရက်တည်ဆောက်ရန် တာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ အဆိုရှင် ဦးစိုင်းသီဟကျော် တင်ပြသည့်ကိစ္စမှာ နိုင်ငံတိုင်း၌ ရှိရမည့်ကိစ္စဖြစ်သကဲ့သို့ ဝန်ကြီးဌာနအနေဖြင့် အရေးတကြီးဆွေးနွေးတည်ဆောက်ဆောင်ရွက်ဆဲကိစ္စဖြစ်ပါကြောင်း၊ သို့ဖြစ်၍အဆိုမှာ အမှန်တကယ် သင့်လျော်မှုရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အလားတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပို့ဆောင်ရေးစနစ်တစ်ခုကို ထူထောင်ရာတွင် စနစ်တကျအကျိုးရှိစေရေးအတွက် ဖြစ်မြောက်နိုင်ခြေလေ့လာမှုကို ဆောင်ရွက်ရပါကြောင်း၊ နည်းပညာအရ ဖြစ်မြောက်နိုင်ခြေ ရှိ /မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်/မကိုက်၊ နယ်မြေဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်နိုင်မှုတို့ကို လေ့လာဖော်ထုတ်ပြီး အစီအရင်ခံစာအရ အဘက်ဘက်မှချိန်ဆ၍ ဆောင်ရွက်မည့်စီမံချက်ကို လည်းကောင်း၊ ပို့ဆောင်ရေးလမ်းကြောင်း ဖြတ်သန်းမည့်နေရာများကိုလည်းကောင်း သတ်မှတ်ရပါကြောင်း။

မဟာဗျူဟာကျကျစဉ်းစားရမည့် ကိစ္စရပ်များတွင် နိုင်ငံတော်၏ပကတိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အစရှိသည့်ကဏ္ဍစုံမှ ချဉ်းကပ်စဉ်းစား၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အခြားနိုင်ငံများနှင့် ဆက်စပ်လာနိုင်ခြေရှိသော ပို့ဆောင်ရေးလမ်းကြောင်းများအတွက် လည်းကောင်း၊ ပြည်တွင်းပြည်ပနိုင်ငံရေးအတွက် အရေးကြီးသည့် ပို့ဆောင်ရေးလမ်းကြောင်းများကိုလည်းကောင်း မဟာဗျူဟာအမြင်အရ အဆုံးအဖြတ် ပေးသည်များလည်းရှိပါကြောင်း။

ပို့ဆောင်ရေးလမ်းကြောင်းကို စီးပွားရေးလုပ်ငန်းမျိုးစုံဖွံ့ဖြိုးရှင်သန်ရာ စီးပွားရေးစကြိုအဖြစ်သို့ ရောက်ရှိစေရေးအတွက်ရည်ရွယ်၍ စံပြစိုက်ပျိုးရေးဇုန်၊ စံပြမွေးမြူရေးဇုန်၊ စံပြစီးပွားရေးဇုန်များထူထောင်ခြင်း၊ စီးပွားရေး၊ လူမှုရေးအထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများဖွင့်လှစ်၍ အထောက်အကူပြုခြင်း၊ စီးပွားရေးလုပ်ငန်း၊ ပြည်တွင်းပြည်ပ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်ဖိတ်ခေါ်ခြင်း၊ ဘဏ်နှင့် အာမခံလုပ်ငန်းများ ထူထောင်ခြင်း၊ မိမိအဖွဲ့အစည်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်နိုင်ရန်အတွက် အားပေးထောက်ပံ့ခြင်းနှင့် အခြေခံယန္တရားများကို ထူထောင်ခြင်းစသည်များကို ယခုအခါလုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

အဆိုတင်သွင်းထားသည့်ကိစ္စမှာ အဆင့်ဆင့်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် ညီညွတ်ပါသဖြင့် အထူးဆွေးနွေးရန်မရှိပါကြောင်း၊ ထို့ပြင် စီမံကိန်းများအလိုက် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဘဏ္ဍာငွေခွင့်ပြုထားသည့် တန်ဖိုးငွေများကို သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ ချပြအသိပေးရန်ကိစ္စမှာလည်း သဘာဝကျကျ ဆောင်ရွက်သင့်သည့်ကိစ္စဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြောင်းလဲလာသည့်နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံတကာဆက်ဆံမှု ကျယ်ပြန့်လာတော့မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်းဖြတ်သန်းသွားသည့် နိုင်ငံတကာဆက်သွယ်လမ်းများဖြစ်သော ပြည်ထောင်စုလမ်းမကြီးများကို အိမ်နီးချင်းနိုင်ငံများထက်မနိမ့်ကျစေရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များဆက်သွယ်သည့် အဓိက ပြည်ထောင်စုလမ်းမကြီးများကိုလည်း ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအဝှမ်းဖွံ့ဖြိုးတိုးတက်မှုညီမျှစေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်း၊ တံတားများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံမူများနှင့်အညီ လမ်းကွန်ရက်ကြီးများ ရေးဆွဲဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လမ်းကွန်ရက်စနစ်သည် အချက်အလက်ပေါင်းမြောက်မြားစွာအပေါ် အခြေခံရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ စီးပွားရေးတွက်ခြေကိုက်မှု၊ နိုင်ငံတကာဆက်ဆံမှု၊ မြောက်မြားစွာသော အညွှန်းကိန်းများကို ထည့်သွင်းတွက်ချက်ရသကဲ့သို့ နိုင်ငံတော်အတွက် တိုက်ရိုက်အကျိုးတစ်စုံတစ်ရာမရှိသော်လည်း တိုင်းရင်းသားချစ်ကြည်စည်းလုံးမှု၊ ဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ခဲ့စေရန်လည်း ရည်မှန်းချက်ထားရေးဆွဲရပါကြောင်း၊ အဆိုကို လှိုက်လှဲစွာထောက်ခံပါကြောင်းဖြင့် ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးစိုင်းသီဟကျော်၏အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့သော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးသုံးသပ်ပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်သည်။

ဥပဒေကြမ်း၏အခန်း(၄)အပိုဒ် ၇(ဂ)နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်မှာ ဥပဒေကြမ်း၏မူလပြဋ္ဌာန်းချက်အတိုင်း **"မူလဝန်ကြီးဌာနက လွှတ်တော်သို့ပေးပို့သောဥပဒေကြမ်းအား ညှိနှိုင်းရွေးချယ်၍ စာသားကို လျှို့ဝှက်ဆန္ဒမဲပေး၍ဟု ပြောင်းလဲပြဋ္ဌာန်းမှုနှင့်စပ်လျဉ်း၍ ဆယ်အိမ်စုအတွင်း ကိုယ်စားလှယ်တစ်ဦးအား မျက်နှာစုံညီညှိနှိုင်းရွေးချယ်ပေးမှုစနစ်သည် အချိန်တိုအတွင်း ဆယ်အိမ်စုများအတွင်း၌ အများရှေ့မှောက်တွင် မျက်နှာစုံညီညှိနှိုင်းရွေးချယ်မှုဖြစ်၍ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူ ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ပေးနိုင်မည်ဖြစ်ပါသည်။ အခြေခံအဆင့်ရွေးချယ်မှုသည် လုပ်ငန်းတာဝန် နည်းပါးသွားစေခြင်း၊ မလိုလားအပ်သော အုပ်ချုပ်မှုဖြစ်စဉ်များအား ကာကွယ်ပေးခြင်း၊ ငွေကြေးကုန်ကျမှုမရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိစေနိုင်သကဲ့သို့ ဆန္ဒမဲပေးခြင်းကြောင့် ကြီးမားကျယ်ပြန့်လာသည့် ရှုပ်ထွေးမှုအားလုံးကို လျော့နည်းသွားစေမည်ဖြစ်ပါသည်"** ဟု ပြင်ဆင်ရန်ဖြစ်သည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်မှာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း **"ဆယ်အိမ်စုတစ်စုတွင်ပါဝင်သော သက်ဆိုင်ရာအိမ်ထောင်ဦးစီးများက မိမိတို့ဆယ်အိမ်စုတွင် နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်တစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းခံရသူ၏ အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်တို့ကို တင်ပြစေရမည်"** ဟူ၍ဖြစ်သည်။

ယင်းအပိုဒ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်ကို ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမန်းကံညွှန့်ကထောက်ခံဆွေးနွေးပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်တို့က ထောက်ခံဆွေးနွေးကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယင်းအပိုဒ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ခြင်းသာလျှင် မှန်ကန်သည့်လမ်းကြောင်း ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

"နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အဆိုပါအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်"အဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ဥပဒေကြမ်း၏အခန်း(၁၃)အပိုဒ် ၂၉ နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်မှာ **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများအတွက် ရုံးအသုံးစရိတ်များကို လယ်ယာမြေတွင် ကောက်ခံရရှိသည့်အခွန်အတွက် ရရှိမည့် ခိုင်ကြေးအပေါ်မှ အချိုးကျရငွေအဖြစ် ကျခံရမည်ဟု ပြဋ္ဌာန်းထားပါသဖြင့် လယ်ယာမြေမရှိသည့် ရပ်ကွက်နှင့်ကျေးရွာများအတွက် အခက်အခဲရှိလာနိုင်ပါသည်"**ဟူ၍ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်သင့်ကြောင်း တင်ပြချက်မှာ **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများအတွက် ရုံးအသုံးစရိတ်များသုံးစွဲနိုင်ရန် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း၌ မြို့နယ်အလိုက်သင့်လျော်သည့် ရန်ပုံငွေပမာဏကို ခွဲဝေသတ်မှတ် လျာထားရမည်"** ဟူ၍ဖြစ်သည်။

ယင်းအပိုဒ်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ တင်ပြချက်အပေါ် ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်တို့က ထောက်ခံဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းပြင်ဆင်ချက်အား သဘောတူပါကြောင်းဖြင့် တင်ပြသည်။

"ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်"အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

ဥပဒေကြမ်း၏အခန်း(၁၃) အပိုဒ် ၃၀ နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်မှာ **"ရုံးအသုံးစရိတ်များကိုကျခံရာတွင် ရငွေဖြင့်လုံလောက်မှုမရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြတောင်းခံနိုင်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် ထုတ်ပေးနိုင်ရန် နိုင်ငံတော်ဘဏ္ဍာငွေမှခွင့်ပြုမိန့် ချမှတ်ပေးထားမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်"**ဟူ၍ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ပြင်ဆင်သင့်ကြောင်းတင်ပြချက်မှာ **"အပိုဒ် ၂၉တွင် ခွဲဝေသတ်မှတ်ထားသော ရန်ပုံငွေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ညွှန်ကြားချက်များနှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြတောင်းခံပြီး စနစ်တကျ သုံးစွဲရမည်"**ဟူ၍ဖြစ်သည်။

ယင်းအပိုဒ်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏တင်ပြချက်အပေါ် ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်တို့က ထောက်ခံဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းသဘောတူပြင်ဆင်ချက်အား သဘောတူပါကြောင်းဖြင့် တင်ပြသည်။

"ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

ဥပဒေကြမ်း၏အခန်း(၁၃)အပိုဒ် ၃၁ နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သုံးစွဲငွေများနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်"**ဟု အတည်ပြုထားသော်လည်း ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ပြင်ဆင်အတည်ပြုပြီးဖြစ်သည့် အခန်း(၁၃) အပိုဒ် ၂၉၊ ၃၀တို့နှင့် ဆီလျော်မှုရှိစေရန်အတွက် ဥပဒေကြမ်း၏ အပိုဒ် ၃၁ ကို ပယ်ဖျက်ထားရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က ယင်းအပိုဒ်ကိုပယ်ဖျက်ကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းမှတ်တမ်းတင်ခြင်းကဏ္ဍ၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် ပါဝင်သည့်လုပ်ငန်းများသည် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့်အတွက် ယခုအချိန်တွင် လွှတ်တော်ကဥပဒေကြမ်းကို အတည်ပြုပေးရန် ဆောင်ရွက်ခြင်းထက် မှတ်တမ်းတင်ထားပြီး ဆက်လက်ဆောင်ရွက်စေခြင်းက ပိုမိုသင့်လျော်မည်ဟု ဥပဒေကြမ်းပူးပေါင်းကော်မတီက သုံးသပ်တင်ပြထားသဖြင့် ယင်းဥပဒေကြမ်းကိုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူဆုံးဖြတ်သည်။

ရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့အတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်နှင့် အကြောင်းအရာများကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ရှင်းလင်းတင်ပြသည်။

ဥပဒေကြမ်းတင်သွင်းဆွေးနွေးခြင်းကဏ္ဍ ၌ **၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ဖတ်ကြားရှင်းလင်းပြီး ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယင်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများကို တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၊ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်တို့က ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၅၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အရပ်ဘက်လူ့အဖွဲ့ အစည်းများ (Civil Society)တွေ့ဆုံပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ (Civil Society) တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ဆိုင်ရာကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးရှိ စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ နယ်ပယ်အသီးသီးမှ အစဉ်အလာရှိသူများနှင့် တွေ့ဆုံခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအများစုသည် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို နိုင်ငံအလျောက် မိမိနည်းမိမိဟန်ဖြင့် ဆီလျော်အောင်ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံနှင့်ဆီလျော်သည့် စနစ်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဤနေရာတွင် လက်တွေ့ကျသည့် ဥပဒေများပြဋ္ဌာန်းရန်လိုသည်ကို တွေ့ရှိရကြောင်း၊ လွှတ်တော်စတင်ကျင်းပစဉ်က ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ စသည့်ကော်မတီ(၄)ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ဖွဲ့စည်းထားသည့် ကော်မတီ(၄)ရပ်ဖြင့် လုံလောက်မှုမရှိသည်ကို တွေ့ရ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း လိုအပ်သည့် ကော်မတီများကို တိုးချဲ့ဖွဲ့စည်းခွင့်ပြုထားသဖြင့် လိုအပ်သည့် ကော်မတီ(၁၉)ခုကို ထပ်မံဖွဲ့စည်းခဲ့ကြောင်း။

ကော်မတီများက မဆောင်ရွက်နိုင်သည့် ကိစ္စများကို ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံရေးနှင့်ကာကွယ်ရေးဆိုင်ရာမဏ္ဍိုင်၊ စီးပွားရေးဆိုင်ရာမဏ္ဍိုင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာမဏ္ဍိုင်၊ သိပ္ပံ၊ နည်းပညာ၊ သတင်းမီဒီယာ၊ ICT ဆိုင်ရာမဏ္ဍိုင်နှင့် တရားဥပဒေရေးရာဆိုင်ရာမဏ္ဍိုင်များကို ဆောင်ရွက်နိုင်ရန် ဆိုင်ရာ-ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများအား ကော်မရှင်တွင် ဖြည့်စွက်ခန့်ထားပြီးဖြစ်ပါကြောင်း၊ ငွေကြေးကဏ္ဍဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ ထပ်မံဖြည့်ဆည်းရန်ရှိသေးသဖြင့် ကော်မရှင်တွင် ပါဝင်ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ်များရှိပါက ကြိုဆိုပါကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးဖော်ဆောင်ရာတွင် အတိတ်က ဖြစ်ပျက်ခဲ့သည်များကို သင်ခန်းစာယူပြီး ယခုပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ရဲရဲဝံ့ဝံ့ လုပ်ဆောင်သွားရန်လိုကြောင်း၊ အဂတိကို ဖြစ်စေသော၊ အဂတိကို ရှေးရှုသော အပြုအမူများ မဖြစ်ရန်လိုကြောင်း၊ ပြည်သူအပေါ် သစ္စာရှိရန်လိုကြောင်း။

မကြာခင်ရက်ပိုင်းက ဝန်ထမ်းများ သူ့ဂုဏ်သူ့သိက္ခာနှင့် နေနိုင်ရေးအတွက် လစာများ တိုးမြှင့်ပေးရန် ပြောကြားခဲ့ကြောင်း၊ မိမိတင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်သူများက ကြိုဆိုကြောင်း၊ လက်ခံကြောင်းပြောကြားသည်များရှိသကဲ့သို့ နိုင်ငံတော်အစိုးရမှာ ငွေရှိသလား၊ ကုန်ဈေးနှုန်းတွေ တက်လာမှာပေါ့ စသည့် ဝေဖန်သံများကိုလည်း ကြားရကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများ၏ စိတ်ဓာတ်ကောင်းရန်လိုသကဲ့သို့ နိုင်ငံတော်အစိုးရကို ယုံကြည်ရန်လည်း လိုကြောင်း၊ ယခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူရချိန်တွင် ဝန်ထမ်းများ လစာတိုးရေးကိစ္စတင်ပြခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ဤကော်မရှင်နှင့် ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ တွေ့ဆုံသည့် အခမ်းအနားတွင် ဝန်ထမ်းများ လစာတိုးမြှင့်နိုင်ရေးကိစ္စအပါအဝင် နိုင်ငံသူ နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းမည့်ကိစ္စများကို အကြံပြုဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း၊ လွှတ်တော်၊ ပြည်သူနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရေး ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများ၏ လစာ၊ စရိတ်များ တိုးမြှင့်ပေးပါက ဖြစ်ပေါ်လာနိုင်သော ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖောင်းပွမှုများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးများကို ဖော်ဆောင်ပေးရာတွင် ဥပဒေပြုရေးမဏ္ဍိုင်မှ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘဏ်အဖွဲ့အစည်းများ၊ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီတို့မှ တာဝန်ရှိသူများက ပွင့်လင်းစွာတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တင်ပြဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်တွင်းပြည်ပ သတင်းထောက်များ၏ မေးမြန်းမှုများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများတွေ့ဆုံပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston သည် ယနေ့ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၂-၂၀၁၂ (ကြာသပတေးနေ့)

- ၅း၄၀ "ကိုယ့်ကိုယ်ကိုယ်ချစ်ကြပါ" တရားတော် (ချောင်းဦး ဆရာတော် ဒေါက်တာအရှင် ကိတ္တိသာရ)
- ၈း၄၅ The Shop Around The Corner (Part-28)
- ၈း၅၀ နှလုံးသားတွေလျှံမယ့်ည Song Oo Hlaing One Man Show (Part-5)
- ၉း၃၀ Intellectual Talk (လူထုကျန်းမာရေးအတွက် နိုင်ငံကြီးသားများ၏အခန်းကဏ္ဍ) (ဒေါက်တာခင်မောင်လွင်၊ ကိုကိုလှိုင်)
- ၁၀း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ဒုတိယအကြိမ်မြောက် နိုင်ငံတကာ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါညီလာခံ)
- ၁၂း၁၀ Miss Dr.Secret 2011
- ၂း၂၀ ရွှေဒုံးမြေမှ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ
- ၂း၄၀ အမှိုက်နှင့်သင့်တာဝန်
- ၅း၀၅ Management Development Institute of Singapore (Part-2)
- ၆း၁၅ ရန်ကုန်မြင်ကွင်းကျယ် [St. Philomina's နှင့် အထက(၂)စမ်းချောင်း ၁၉၈၀ ခုနှစ်အထိ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ]
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၁)**
- ၇း၂၀ နှလုံးသားတွေလျှံမယ့်ည Song Oo Hlaing One Man Show (Part-6)
- ၉း၂၀ The Shop Around The Corner (Part-29)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၇၈)**
- ၁၀း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၁၀း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၂၅)**
- ၁၁း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၅၀ ငြိမ်းအေးနွေးထွေးမှုတို့ဖြင့် လီဆူးတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်
- ၁း၅၅ ဒစ်ဂျစ်တယ်အလှကမ္ဘာ
- ၄း၃၀ ထူးထူးခြားခြားသစ်ခေါက်ပန်းချီကား
- ၄း၄၀ ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး

ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် စစ်သံမှူး Colonel Vasity SAVENKOV တို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဂျီတီအိုင်ကျောင်းပေါင်းစုံ ကျောင်းသားဟောင်းများစုပေါင်း၍ (၁၈)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှစ၍ ရန်ကုန်မြို့ ပြည်လမ်း ၉ မိုင် (ဗားမား) ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၃ နာရီခွဲ နောက်ဆုံးထား၍ ဦးခင်ဇေ(ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃ သို့ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။

ပြိုင်ပွဲ Sponsor အဖြစ် ဦးအောင်မိုး (MD), First Glass Industry (FGI) ကုမ္ပဏီက ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းစေရန် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဆောင်ရွက်ပေးမည် တိုးတက်ကြီးပွားလိုစိတ်ရှိသော တောင်သူများအား မျိုးများဖြန့်ဝေရန် စုဆောင်းပြီးဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မိမိတို့ဝန်ကြီးဌာနက အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို တောင်သူလက်ဝယ် ရောက်ရှိရေးနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လေ့ကျင့်သင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးနေပြီး ခိုင်မာသောဈေးကွက်ရရှိရန် ရှာဖွေပေးထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းရှင်များကလည်း မျိုးမှန်အဖိုးတန်၍ ပုလဲသွယ်တင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် အရင်းအနှီးလုပ်အားခများအတွက် ကြိုတင်ငွေပေးချေ ဝယ်ယူလျက်ရှိရာ နိုင်ငံတော်က ရေကန်အသင့်၊ ကြာအသင့်၊ လမ်းအသင့် ခင်းပေးထားပါကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ အဆင့်မြင့်စက်မှုလယ်ယာစနစ် ဧက ၁၀၀ စိုက်ကွင်းသို့ လာရောက်လေ့လာကြသော မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ ဒေါ်ဆွေဆွေမြင့် ဦးဆောင်သော တောင်သူလယ်သမား ၅၀ နှင့် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူကြီး ဦးမောင်ရှိန် ဦးဆောင်သော လေ့လာရေး တောင်သူလယ်သမား ၃၀ စုစုပေါင်း ၈၀ တို့အား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထိုမျှသာမက သယ်ယူပို့ဆောင်စရိတ်များ လျှော့နည်းသက်သာစေရန် အဆင့်မီ၊ အရည်အသွေးမီ ဆန်စက်ကြီးများကိုလည်း စိုက်ကွင်းအနီးတွင် လုပ်ငန်းရှင်များက လာရောက်တည်ဆောက်ရင်းနှီးမြှုပ်နှံကြမည် ဖြစ်ကြောင်း၊ ရိတ်သိမ်းချိန်တွင် အလေအလွင့်၊ အဆုံးအရှုံးနည်းစေရန် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရိတ်သိမ်းချိန်လွန်ကာလများအတွက် နည်းပညာများဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

တောင်သူလယ်သမားများအတွက် ပို၍ပို၍ကောင်းသော မျိုးများထုတ်လုပ်ရေးအတွက် ဤကဲ့သို့ မျိုးယှဉ်ပြိုင်စိုက်ကွင်းများဆောင်ရွက်ပြီး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ပြောင်းလဲအသုံးပြုနိုင်ရေး ကူညီပေးမည်ဖြစ်၍ တောင်သူလယ်သမားများ ကိုယ်တိုင် တိုးတက်ကြီးပွားလိုသောစိတ်ဆန္ဒရှိပြီး ကိုယ်တိုင်စိတ်ပါဝင်စားစွာ စိုက်ပျိုးလိုသူများအား မျိုးများအသင့်ထုတ်လုပ်ဖြန့်ဝေရန် စုဆောင်းထားပြီးဖြစ်ကြောင်း၊ စားသုံးမှု အရည်အသွေးကောင်းပြီး တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိမည့် သက်တမ်း(၁၁၀-၁၁၅)ရက်သာရှိသော ဈေးနှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးခြင်းသည် တောင်သူများအတွက် ဝင်ငွေ နှစ်ဆတိုးရန် ဧကန်မလွဲဖြစ်၍ စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် အာရုံစူးစိုက်၍ နိုးကြားတက်ကြွစွာလုပ်ကိုင်ဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပုလဲသွယ်စပ်မျိုးစပါး(၄)မျိုး၏ မျိုးယှဉ်ပြိုင်စိုက်ကွင်းကို ကြည့်ရှုအားပေးကြပြီး လေ့လာရေးတောင်သူများ၏ စိတ်ပါဝင်စားစွာ မေးမြန်းလေ့လာမှုများကို မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန စိုက်ကွင်းတာဝန်ခံများက အသေးစိတ်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်းသို့ ရောက်ရှိကြပြီး တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း၌ လေ့လာရေးတောင်သူများနှင့် ဒေသခံတောင်သူများအချင်းချင်း နည်းပညာလက်ဆင့်ကမ်း ဆွေးနွေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ အဆင့်မြင့်လယ်ယာမြေ ၂၈၈ ဧက စိုက်ကွင်းသို့ ရောက်ရှိကြပြီး ဧကကွက်များ ဖော်ထုတ်ပြီးစီးမှု၊ ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်းများ ဆောင်ရွက်နေမှု၊ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းသို့ သွားရောက်ကြပြီး ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ အမယ်စုံစိုက်ပျိုးထားသော ဝင်ငွေရစားဖိုဆောင်သီးနှံစိုက်ခင်းများကိုလည်းကောင်း၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့သန့်စင်နှင့် ဆေးလူးနယ်စက်၊ ပါကင်ပိတ်စက်များကိုလည်းကောင်း၊ တောင်သူများထံ ဖြန့်ဖြူးရန် သိုလှောင်ရုံအတွင်း စနစ်တကျသိုလှောင်ထားရှိမှုများကိုလည်းကောင်း၊ အောင်မြင်ဖြစ်ထွန်းနေသော တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထားသည့် ၆၀ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လေ့လာရေးအဖွဲ့မှ တောင်သူတစ်ဦးချင်းစီအား ပုလဲသွယ်စပ်မျိုး စပါးမျိုးစေ့ တစ်ဧကလျှင် (၇)ကီလိုနှုန်းဖြင့် ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရှင်းလင်းပြသ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ အဆင့်မြင့်စက်မှုလယ်ယာစနစ် ဧက ၁၀၀ စိုက်ကွင်းသို့ လာရောက်လေ့လာကြသော တောင်သူလယ်သမားများအား လိုက်လံရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

၂၀၁၂ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်အမှာစကား ပြောကြားသည်။(ဝဲပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က အမှာစကားပြောကြားရာတွင် ၂၀၁၂ခုနှစ် (၄၉)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများမှ ညှိနှိုင်းဆွေးနွေးအကြံပြုချက်များအပေါ် လိုအပ်ချက်များကို ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေး တင်ပြကြရန် ပြောကြားသည်။

ယင်းနောက် ပြပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရုံးမူနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ၂၀၁၂ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၂ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လ ၉ ရက်မှ ၁၈ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ယခင်ဖြေလျှော့နည်းအတိုင်း မိုးပွင့်အဆင့်(၂)ဖြင့် ထပ်မံဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဖြေလျှော့နည်းစနစ်နှင့်အညီ မိုးပွင့်အဆင့်(၁) စီမံချက်ဖြင့် လေးလတာကာလအတွင်း အရှိန်အဟုန်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်ဖြေလျှော့နည်းစနစ် အတိုင်းပင် ယခုအခါ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နှစ်လတာကာလအတွင်း မိုးပွင့်အဆင့် (၂)စီမံချက်ဖြင့် ထပ်မံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဌာနမှ ယင်းလုပ်ငန်းများအား သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနေမှုများအပေါ် အခြားသောဆက်စပ်ကုန်ကျစရိတ်များနှင့် ရောထွေးသတ်မှတ်မှုမရှိစေရေးအတွက် ပြည်သူများသို့ အသိပေးချပြနိုင်ရေး၊ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်မှုအပေါ် သွားလာနေထိုင်စားသောက်မှုများကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံတော်၏ လူဦးရေမူဝါဒချမှတ်နိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ရေးတို့ အတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏ လုပ်ငန်းများ အောင်မြင်ရေးတို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အပြင် ၂၀၁၄ ခုနှစ်၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများကိုလည်း ယခုကတည်းက ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ဖြင့် အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မိုးပွင့်အဆင့် (၂)စီမံချက်၊ အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ ပဲခူးမြို့ရှိ ရုပ်မြင်သံကြား သတင်းမီဒီယာများနှင့် ရုပ်ကွက်အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချင်းပြည်နယ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဖလမ်းမြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သော (၆၄)နှစ်မြောက် ချင်းပြည်နယ်နေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ဖလမ်းမြို့၌ ကျင်းပရာ မြို့မတင်းနစ်ကွင်း၌ တင်းနစ်ပြိုင်ပွဲ၊ ခရိုင်အားကစားခန်းမ၌ စားပွဲတင်တင်းနစ်နှင့် ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ စစ်တုရင်ပြိုင်ပွဲနှင့် ထရန်ထီးယိုးအားကစားကွင်း၌ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်နှင့် လွန်ဆွဲပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆုပေးပွဲကို ကျင်းပရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ဖလမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတင်းမီဒီယာကိစ္စများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုပ်မြင်သံကြားသတင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ယူနန်ရုပ်မြင်သံကြား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Yang Yuming ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်စေမှုကို ယခုရိုက်ကူးမည့် ဇာတ်လမ်းတွဲများက ကူညီပေးသွားနိုင်မည်ဖြစ်ကြောင်း၊ သတင်းမီဒီယာကိစ္စရပ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုပ်မြင်သံကြားသတင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ဇာတ်လမ်းတွဲများရိုက်ကူးရန်အတွက် နှစ်ဖက်ညှိနှိုင်း၍ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ယူနန် ရုပ်မြင်သံကြား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Yang Yuming ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းမိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာသော မိသားစုများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်၍ ကယ်ဆယ်ရေးစခန်း ၆၉ ခု ဖွင့်လှစ်ကာ အိမ်ထောင်စု ၄၇၇၅ စု၊ ကျား ၈၁၉၀၊ မ ၁၀၄၀၅ ဦး လူဦးရေ စုစုပေါင်း ၁၈၅၉၃ ဦးအား စောင့်ရှောက်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ခေါင်းဆောင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ မန်စီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ ကချင်ပြည်နယ် အမှတ်(၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရိုးမူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မန်စီမြို့များရှိ တိမ်းရှောင်မိသားစုများ နေထိုင်ရာ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဦးဆောင်သောအဖွဲ့သည် အဆိုပါမြို့များရှိ ကယ်ဆယ်ရေးစခန်း ၅၂ ခုသို့ သွားရောက်၍ စခန်းများရှိ အိမ်ထောင်စု ၃၀၇၈ စု၊ လူဦးရေ ၁၂၂၃၂ ဦးတို့အား တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ပြီး နိုင်ငံတော်သမ္မတ၏ လက်ဆောင်အဖြစ် SKY NET DTH ၃၄ စုံ၊ ၃၂ လက်မ LCD TV ၃၄ လုံး၊ ယမဟာ လက်ဆွဲဟွန်ဒါမီးစက် (၁၀၀၀) ဝပ် ၁၆ လုံး၊ တီရှပ်အထည် ၁၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနက မိသားစုများ လတ်တလောသုံးစွဲနိုင်ရန် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၄၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၄၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေ ၄၃၄၅၉၉၈ ကျပ်၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၆၇၂၄၅၀၀၀၊ IGE ကုမ္ပဏီမှ ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေ ၁၁၆၅၉၀၉၉၈ ကျပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ကလည်း ကယ်ဆယ်ရေးစခန်းအသီးသီးသို့ တစ်လစာ ဆန် ၂၂၉ ဒသမ ၂၉ တန်၊ ဆီ ၁၅ ဒသမ ၄၅၆ တန်၊ ဆား ၂ ဒသမ ၅၄၈ တန်၊ ပဲ ၃၀ ဒသမ ၅၇၃ တန်နှင့် အာဟာရမှုန့် သုည ဒသမ ၈၇ တန်တို့ကို ထောက်ပံ့ပေးခဲ့သည်။ WFP မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၀ ရက်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်အထိ ထောက်ပံ့ခဲ့သော စားနပ်ရိက္ခာ စုစုပေါင်းမှာ ဆန် ၅၅၆ ဒသမ ၈၉၄ တန်၊ ဆီ ၃၅ ဒသမ ၁၁၇၆ တန်၊ ဆား ၅ ဒသမ ၈၂၂ တန်၊ ပဲ ၆၉ ဒသမ ၈၇၄ တန်နှင့် အာဟာရမှုန့် ၃ ဒသမ ၃၈၇ တန် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများရှိ ရွှေ့ပြောင်းအိမ်ထောင်စုများအား ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်အထိ ထောက်ပံ့ကူညီပေးမှုမှာ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စာရင်းချုပ်အရ ပစ္စည်းတန်ဖိုး ငွေကျပ် ၂၂၀၄ ဒသမ ၄၇ သန်း၊ ငွေသားကျပ် ၂၇၁ ဒသမ ၅၇ သန်း စုစုပေါင်းငွေကျပ် ၂၄၇၆ ဒသမ ၀၄ သန်း ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ငန်းကော်မတီများ စနစ်တကျ ဖွဲ့စည်း၍ ရွှေ့ပြောင်းလာသော မိသားစုများအား ကူညီစောင့်ရှောက်လျက်ရှိပြီး နယ်မြေလုံခြုံရေးအရ ဖွင့်လှစ်နိုင်ခြင်းမရှိသော စာသင်ကျောင်းများမှ ရွှေ့ပြောင်းမိသားစုများ၏ ကျောင်းနေအရွယ်သားသမီး ၄၀၁၉ ဦးအား ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

တိမ်းရှောင်မိသားစုများသည် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် လိုလားတောင့်တလျက်ရှိကြောင်းနှင့် ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်သွားရောက်လိုကြောင်း သိရှိရသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ခေါင်းဆောင်သောအဖွဲ့သည် ရွှေ့ပြောင်းမိသားစုများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ရာတွင် နိုင်ငံတော်သမ္မတကြီးက မိသားစုများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန်၊ ပြန်လည်အခြေချနေထိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာသည့်အချိန်တွင် ဆောင်ရွက်ပေးသွားရန် လမ်းညွှန်ခဲ့ကြောင်း၊ နှစ်ဖက် အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရက ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိကြောင်းနှင့် မကြာမီ နယ်မြေအေးချမ်းတည်ငြိမ်မှုများ တိုးတက်ရရှိလာတော့မည်ဖြစ်ကြောင်း၊ မိသားစုများ မိမိတို့ရပ်ရွာသို့ ပြန်လည်အခြေချနေထိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိသားစုများအနေဖြင့် စိတ်အားငယ်မှုမရှိဘဲ စိတ်ဓာတ်မြှင့်တင်ထားရန် လိုအပ်ကြောင်း၊ မိသားစုများ၏ အခက်အခဲများကို စာနာနားလည်ကြောင်းနှင့် ယခုကာလတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့က မိသားစုများအား စနစ်တကျ ကူညီစောင့်ရှောက်ပေးနေသည်ကို တွေ့ရှိရသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ တိုင်းရင်းသားမိသားစုများကလည်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းဖြင့် အားပေးစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် (၇၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၆)ခုအား သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်း၊ မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် မော်တော်ယာဉ်လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်းတို့အား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခြင်း၊ မန္တလေးတိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေကြမ်း၊ မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး အတည်ပြုရန် နေ့ရက်သတ်မှတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်၌ ဖတ်ကြားရှင်းလင်းမည့် နေ့ရက်နှင့် ကိုယ်စားလှယ်များ ဆွေးနွေးရမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ တင်သွင်းရန် နေ့ရက်သတ်မှတ်ကြေညာခြင်းနှင့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်၌ ဖတ်ကြားရှင်းလင်းမည့် နေ့ရက်သတ်မှတ်ကြေညာခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

MNL အသင်းများနှင့် ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာတို့ ခြေစမ်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာအသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ MNL ကလပ်များနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တယ်ရိုဆာဆနာအသင်းနှင့် MNL အမှတ်ပေးလက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်၊ ၂၀၁၁ ပြိုင်ပွဲ ဒုတိယဆုရ ဧရာဝတီယူနိုက်တက်အသင်းနှင့် ချန်ပီယံဟောင်း ရတနာပုံအသင်းတို့ ကစားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ခြေစမ်းပွဲရက်များ သတ်မှတ်ထားမှုအရ ဖေဖော်ဝါရီ ၂၃ ရက် (ယနေ့)တွင် အောင်ဆန်းကွင်း၌ ဧရာဝတီယူနိုက်တက်နှင့် တယ်ရိုဆာဆနာအသင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဗထူးကွင်း၌ ရတနာပုံနှင့် တယ်ရိုဆာဆနာအသင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် တယ်ရိုဆာဆနာအသင်းတို့ ကစားကြမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့သည် 2012 AFC CUP ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည့် အသင်းများဖြစ်ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအနေဖြင့် ယခုခြေစမ်းပွဲကို ကစားခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာလည်း လက်ရှိ ၂၀၁၂ MNL အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ်(၇)အပြီးတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ဘီအီးစီတယ်ရိုဆာဆနာအသင်းသည် ထိုင်းပရီမီယာလိဂ်၏ ထိပ်တန်းအသင်းတစ်သင်းဖြစ်ပြီး**(အောက်ပုံ)** ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၁-၂၀၀၂ ရာသီတို့တွင် အမှတ်ပေးဖလားတို့ကို ရယူထားနိုင်သည်။ မကြာမီရက်ပိုင်းအတွင်းကမှ အင်္ဂလန်နှင့် ဩစတြေးလျလူမျိုး အန်ဒရူးအော့ဒ်ကို နည်းပြချုပ်အဖြစ် ခန့်အပ်ထားပြီး ဘရာဇီး၊ အင်္ဂလန်၊ ဂါနာ၊ အယ်လ်ဂျီးရီးယားနှင့် ပြင်သစ်ကစားသမားတစ်ဦးစီ ပါဝင်နေကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၂-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၀၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၂၀ "သူငယ်ချင်းမရှိတဲ့ဥပဒေ"
၈း၄၀ International News
၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၃၀ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
၆း၂၀ ပျော်ရွှင်စေသောနေ့ရက်များ "နှလုံးသားမှချစ်ပန်းချီ"
၆း၃၅ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၃၄)**
၇း၄၀ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့သည့် တံတားများ (အပိုင်း-၂)
-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ်" (အပိုင်း-၈)
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၃၄)

ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာမှုလွယ်ကူစေသည့် သံလွင်မြစ်ကူးတံတား(တာဆန်းနှင့် တာပါး)

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) ဆက်သွယ်သွားလာနိုင်သည့် သံလွင်မြစ်ကူးတံတား(တာဆန်း)က ထည်ထည်ဝါဝါ။

သံလွင်မြစ်ကူးတံတား(တာဆန်း)

- ✳ သံလွင်မြစ်ကူးတံတား(တာဆန်း)မှာ အရှည်ပေ ၉၀၀၊ အကျယ် ၁၆ ပေ ၆ လက်မရှိသည်။
- ✳ သံလွင်မြစ်ကူးတံတား(တာဆန်း)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဆက်သွယ်သည့် မိုင်းပန်-မိုင်းတုံ ကားလမ်းပေါ်တွင် တည်ရှိသည့် ဘေလီကြိုးတံတားဖြစ်သည်။
- ✳ တံတား၏ ခံနိုင်ဝန်အားမှာ ၃၆ တန်ဖြစ်သည်။
- ✳ သံလွင်အရှေ့ဘက်ခြမ်းဒေသများသည် သံလွင်မြစ်ပိုင်းခြားထားမှုကြောင့် လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် သံလွင်မြစ်အနောက်ဘက်ခြမ်းဒေသများထက် နောက်ကျခဲ့ရသည်။
- ✳ ယခုကဲ့သို့ တံတားကြီးဖွင့်လှစ်နိုင်သည့်အတွက် သံလွင်မြစ်၏ အရှေ့ပိုင်းရှိ မိုင်းတုံနှင့် မိုင်းဆတ်မြို့သို့ တောင်ကြီးမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် အချိန်တိုအတွင်း သွားလာနိုင်ခဲ့ပြီဖြစ်သည်။
- ✳ သံလွင်မြစ်သည် အလွန်ရေစီးကြမ်း၍ မိုးရာသီတွင် သွားလာမှုပြတ်တောက်ခဲ့ရပြီး မိုင်းတုံ၊ မိုင်းဆတ်မြို့တို့တွင် ကုန်ဈေးနှုန်းကြီးမြင့်ကာ စားဝတ်နေရေး ကျပ်တည်းခဲ့ရသည်။ ယခုအခါ ထိုအခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီ။

သံလွင်မြစ်ကူးတံတား(တာပါး)

- ✳ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သံလွင်မြစ်ကူးတံတား(တာပါး)မှာ အရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေ ၄ လက်မရှိသည်။
- ✳ တံတား၏အပေါ်ထည်မှာ သံမဏိသံပေါင်ကြိုးတံတားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၄၀၀၊ အမြင့်ပေ ၃၀ ရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။
- ✳ ကွတ်ခိုင်မြို့နှင့် ၁၇ မိုင်ကွာဝေးသော တာမိုးညဲဒေသ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန် ကားလမ်းမပေါ်တွင် တည်ရှိသည်။
- ✳ သံလွင်တံတား(တာပါး)ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တည်ဆောက်ပေးခဲ့သဖြင့် တိုင်းရင်းသားပြည်သူအချင်းချင်း ရေခြား၍ နီးလျက်နှင့် အနေဝေးခဲ့ရာမှ ယခုအခါ အနေနီးပြီး တိုင်းရင်းသားပြည်သူများ ချစ်ကြည်ရင်းနှီးမှု တိုးပွားလာသည်။ ထို့အပြင် ဒေသထွက်ကုန်များ ဒေသတွင်းပို့ဆောင်ပေးနိုင်ရုံသာမက ဤတံတားကြီးမှ ဖြတ်သန်း၍ နယ်စပ်ဒေသသို့ ရောက်အောင်ပင် ပို့ဆောင်နိုင်ခဲ့သည်။

နယ်စပ်ဒေသအထိ ခရီးပေါက်သည့် သံလွင်မြစ်ကူးတံတား(တာပါး)က တိုင်းရင်းသားပြည်သူများ အားထားစရာ။



သန့်ရှင်းသပ်ရပ်လှပသည့် သံလွင်မြစ်ကူးတံတား(တာပါး)၏အလှ။

ရေစီးသန်သော သံလွင်မြစ်အလှနှင့် သံလွင်မြစ်ကူးတံတား(တာပါး)အလှတို့က လိုက်ဖက်တင့်တယ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ အမှတ် (၄) ရပ်ကွက်ရှိ မဟာဗောဓာရုံကျောင်းတိုက် ပဓာန နာယကဆရာတော်ထံ သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြ... ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသ... အမှာစကားပြောကြားစဉ်။

☆ **ရွှေဖုံးမှ**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက လားရှိုးလေဆိပ်မှ ကြိုဆိုကြသည်။

ထို့အတူ တိုင်းရင်းသားရိုးရာအကအဖွဲ့က ရိုးရာအကများဖြင့် လည်းကောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း လေဆိပ်အဝင်လမ်းတစ်လျှောက်နှင့် မြို့တော်ခန်းမအနီးတို့မှ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုအစိုးရနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အပါအဝင်စေတနာရှင်များ ဒုတိယအကြိမ် လားရှိုးကို ရောက်လာကြခြင်းမှာ လွန်ခဲ့သော နှစ်လက အကောင်အထည်ဖော်ရန် တာဝန်ပေးထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေသိရှိရန်နှင့် လိုအပ်သော ပံ့ပိုးမှုများ ထပ်မံပံ့ပိုးနိုင်ရန် ရောက်လာကြခြင်းဖြစ်ပါကြောင်း။

ယခင်တစ်ခေါက်က ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတာဝန်ယူရသော ရပ်ကွက်နှင့် ကျေးရွာ၏ လိုအပ်ချက်များကို အသိရှိဆုံးသူများဖြစ်၍ မေးမြန်းတင်ပြမှုများလုပ်ပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယခုအခေါက်တွင် ပိုမိုပြည့်စုံသွားအောင် ယခုကဲ့သို့ လူစုံတက်စုံ တွေ့ဆုံရခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ခြေလှမ်းမှန်မှန်ဖြင့် ပြောင်းလဲနေပြီဖြစ်ပါကြောင်း၊ သွားနေသော လမ်းစဉ်သည် ဒီမိုကရေစီလမ်းစဉ်၊ ဒီမိုကရေစီစနစ်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ လူအများစု၏ဆန္ဒကို လိုက်နာကြရခြင်းဖြစ်ပြီး အများစုကလည်း အနည်းစု၏ဆန္ဒကို လေးစားသည့်စနစ်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်အရ မိမိတို့နိုင်ငံသည်လည်း ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ခွဲထားပြီး ခက်မသုံးဖြာ အာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေးအာဏာကို ပိုင်ဆိုင်သည့် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ပိုင်ဆိုင်သော ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ တရားစီရင်ရေးအာဏာကို ရယူထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်ရှိလာကြပြီဖြစ်ပါကြောင်း၊ ယင်းအာဏာသုံးရပ် အဖွဲ့အစည်းများသည် သူ့အဆင့်နှင့်သူ တစ်ခုကိုတစ်ခု စောင့်ကြပ်ထိန်းကျောင်း Check and Balance လုပ်ပြီး တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားမှုနှင့်အတူ တိုင်းပြည်ကိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

အားလုံးကိုရနေပြီ မဟုတ်သော်လည်း မှန်ကန်သော လမ်းကြောင်းပေါ်ကို ရောက်နေပြီဟု ဆိုချင်ပါကြောင်း။

ပြီးခဲ့သည့် ၂၀၁၀ခုနှစ်က အထွေထွေရွေးကောက်ပွဲကြီးကျင်းပပြီး လွှတ်တော်ကိုယ်စားလှယ်အသီးသီးကို ပြည်သူများက ရွေးချယ်ပေးခဲ့ကြပါကြောင်း၊ ရွေးချယ်ခံခဲ့ရသည့် လွှတ်တော်ကိုယ်စားလှယ်များက တစ်ခါပြန်ပြီး အစိုးရအဖွဲ့ကို ပြန်လည်တင်မြှောက်သည့်အတွက် လစ်လပ်သွားသောနေရာများကို ယခုကြားဖြတ်ရွေးကောက်ပွဲအနေဖြင့် သက်ဆိုင်ရာဒေသနေ ပြည်သူများက ပြန်ပြီးရွေးချယ်ပေးရမည်ဖြစ်ပါကြောင်း။

လားရှိုးပြည်သူများအနေဖြင့် လစ်လပ်သွားသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကို နောက်တစ်ခါပြန်ရွေးချယ်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းရွေးချယ်ရာတွင် မိမိတို့၏ တိုင်းပြည်၊ ဒေသနှင့် လူမျိုး၏ အကျိုးစီးပွားကို အမှန်တကယ် လုပ်ဆောင်ပေးမည့်၊ လုပ်ဆောင်နိုင်မည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းကို သေချာစွာ တွက်ချက်ဆန်းစစ်ပြီးမှ ရွေးချယ်ပေးသွားရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၌ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းနှင့် မြို့ပြနေ ၃၀ ရာခိုင်နှုန်း ရှိပါကြောင်း၊ ကျေးလက်နေပြည်သူအများစုမှာ ဆင်းရဲချို့တဲ့ကြပါကြောင်း၊ ထို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုသည့် အစီအစဉ်ရေးဆွဲပြီး လုပ်ငန်းတာဝန် (၈) ရပ်ဖြင့် ကျေးလက်ပြည်သူများအား ကူညီပံ့ပိုးပေးနိုင်အောင် ဆောင်ရွက်ပေးနေပါကြောင်း၊ ယခုခရီးစဉ်တွင်လည်း ယင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းစဉ် (၈) ရပ်မှာ ယေဘုယျအားဖြင့် -

(၁) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် လိုအပ်သော မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ရေ၊ စိုက်ပျိုးစရိတ်၊ စိုက်ပျိုးစက်ကိရိယာများ ရရှိစေရေး၊

(၂) မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးရေးလိုအပ်သည့် တိရစ္ဆာန်မျိုး၊ အစားအစာ၊ ကုသရေးနှင့် ကာကွယ်ရေး နည်းပညာရရှိစေရေး၊

(၃) အသေးစားကုန်ထုတ်လုပ်မှုဖြစ်သည့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း၊

(၄) အသေးစား ငွေစုငွေချေးလုပ်ငန်း၊

(၅) သမဝါယမလုပ်ငန်း၊

(၆) ကျေးလက် လူမှုစီးပွားတိုးတက်ရေးဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ စာကြည့်ခန်း စသည်များ၊

(၇) ကျေးလက်မီးလင်းရေး၊

(၈) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သဘာဝက ပေးထားသော တောတောင်သစ်ပင်များ သဘာဝအတိုင်း ရှိနေအောင် ကူညီပေးသွားနိုင်ရေးတို့ဖြစ်ပါကြောင်း။

ဤလုပ်ငန်း(၈)ရပ်နှင့် သက်ဆိုင်သောသူ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည် စသည့် ယခုတက်ရောက်လာကြသောသူများထဲမှ မည်သူမဆို လိုအပ်သော အကူအညီကို ဆက်သွယ်ပြီး တောင်းခံနိုင်ပါကြောင်း၊ လိုအပ်သော နည်းပညာ၊ ပစ္စည်းကိရိယာ၊ ငွေကြေးချေးငှား ထောက်ပံ့မှုအနေဖြင့် ဆောင်ရွက်ပေးသွားနိုင်အောင် စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း။

ဤလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများကိုသာ ပေးနေခြင်းမဟုတ်ဘဲ မြို့နေပြည်သူ အခြေခံလူတန်းစားများအတွက်ကိုလည်း ကူညီပေးလျက်ရှိပါကြောင်း၊ ဈေးကြီးဈေးငယ်၊ ကုန်စိမ်းဈေး၊ ရပ်ကွက်ဈေးဆိုင်များရှိ နေ့ပြန်တိုးဈေးသည်များကို အတိုးနှုန်းသက်သက်သာသာဖြင့် ၎င်းတို့၏ စားဝတ်နေရေး လူမှုဘဝကို မြှင့်တင်ပေးနိုင်အောင် ဆောင်ရွက်ပေးထားခြင်းပင်ဖြစ်ပါကြောင်း။

ဈေးသူဈေးသားများအနေဖြင့်လည်း မိမိနှင့် စိတ်တူကိုယ်တူ လေးငါးဦးစီပါသော အစုအဖွဲ့ ဖွဲ့ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူတို့၏ဘဝ သက်သာချောင်ချိရေးဖြစ်သည့်အတွက် ငွေကြေးအထောက်အကူ ချေးငှားပေးကြသော ပုဂ္ဂိုလ်၊ အသင်းအဖွဲ့များအတွက်လည်း ကုသိုလ်လည်းရ ဝမ်းလည်းဝပြီး နတ်လူသာစုခေါ်နိုင်သည့် လုပ်ငန်းမျိုးဖြစ်သည်ဟု ဆိုချင်ပါကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး စီးပွားရေးအတွက် သဘာဝသယံဇာတကို သဘာဝအတိုင်း ထုတ်ယူသုံးစွဲရောင်းချနေသည့်အဆင့် ဖြစ်ပါကြောင်း၊ ဥပမာ- ကျွန်းသစ်ကို မပြုမပြင် အတုံးလိုက်အလုံးလိုက် တင်ပို့ခြင်း၊ ကျောက်စိမ်းကို အတုံးလိုက်အလုံးလိုက် အကြမ်းထည်သာ ထုတ်ရောင်းနေရခြင်းမျိုး ဖြစ်ပါကြောင်း၊ သဘာဝအရင်းအမြစ် ထုတ်ယူရောင်းချစနစ်မှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ပြီးရောင်းချနိုင်အောင် ဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအတွက် စိုက်ပျိုးရေးကိုသာ အခြေခံထားပါက ကြီးပွားချမ်းသာသည့်နိုင်ငံ မဖြစ်နိုင်ပါကြောင်း၊ ချမ်းသာလာကြသော အိမ်နီးချင်းနိုင်ငံများတွင် စက်မှုလုပ်ငန်းကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍပေါင်းမှာ ၈၅-၉၀ ရာခိုင်နှုန်းခန့်ရှိပြီး ၁၀-၁၅ ရာခိုင်နှုန်းလောက်သာ စိုက်ပျိုးရေးကဏ္ဍကို အားပြုထားသည်ကို တွေ့ရသည့်အတွက် မိမိတို့ နိုင်ငံသည်လည်း စက်မှုနိုင်ငံ ထူထောင်နိုင်အောင်နှင့် နည်းပညာအဆင့်မြင့် စက်မှုလုပ်ငန်း ထူထောင်နိုင်ရန် မလွဲမသွေ ကြိုးစားသွားရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ငွေကြေးအရင်းအနှီး အင်အားတောင့်တင်းကြသူ၊ အသင့်အတင့်အင်အားရှိကြသူ ကုန်သည်ကြီးများအတွက် ရေရှည်စီးပွားရေး အခွင့်အလမ်း ပေါ်ပေါက်လာအောင် နိုင်ငံတော်မှ စက်မှုဇုန်များ အများအပြား ဖွင့်လှစ်ပေးခဲ့သည့်အပြင် ထားဝယ်အထူးစီးပွားရေးဇုန်၊ သီလဝါ အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း။

ထို့အတူ နယ်စပ်ဒေသဖြစ်သော မူဆယ်ခရိုင်အတွင်း သင့်တော်သည့် စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်တစ်ခု ဖွင့်လှစ်နိုင်အောင် စူးစမ်းလေ့လာလျက်ရှိပါကြောင်း၊ အများပိုင်ကုမ္ပဏီ၊ တစ်ဦးချင်းပိုင်ကုမ္ပဏီ၊ နိုင်ငံခြားနှင့်ဖက်စပ်ကုမ္ပဏီ၊ နိုင်ငံခြားသားပိုင် ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရန်အတွက် ဖြစ်နိုင်ခြေများ လေ့လာလျက်ရှိပါကြောင်း။

ထို့အပြင် သဘာဝပတ်ဝန်းကျင် အနေအထားကို အခြေခံ၍ လည်းကောင်း၊ ဒေသသမိုင်းကို အခြေခံ၍ လည်းကောင်း၊ တိုင်းရင်းသားယဉ်ကျေးမှုကိုအခြေခံ၍လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်မှုဇုန်များ အကောင်အထည်ဖော်မှုနှင့် အတူ ဒေသခံ လူထုလူတန်းစားအသီးသီးအတွက်ရော နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မိမိနိုင်ငံမှ အလုပ်သမားများအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းနိုင်စေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ယင်းကဲ့သို့ အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေးအတွက် တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများက ဝိုင်းဝန်းအကြံဉာဏ်ပေးကြရန်၊ ပါဝင်အကောင်အထည်ဖော်သွားကြရန် ရှေ့လျှောက်လုပ်ငန်းလုပ်ရာတွင် တစ်ပွဲတိုးမျိုးမလုပ်တော့ဘဲ ရေရှည်အကျိုးကျေးဇူးခံစားနိုင်မည့် လုပ်ငန်းမျိုးဖြစ်အောင် ပါဝင်ကြပါဟု တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ လာမည့် ၂၀၁၅ ခုနှစ် အာဆီယံ ပေါင်းစည်းရေးတွင် အာဆီယံနိုင်ငံများမှ ဝင်လာကြမည့် ယှဉ်ပြိုင်မှုများကို ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားအသီးသီးက စာပေနှင့်ယဉ်ကျေးမှုများ ကိုယ်စီကိုယ်င ရှိကြပါကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာခြင်းနှင့် အခြားတိုင်းရင်းသားတို့၏ ဘာသာ သာသနာ စာပေယဉ်ကျေးမှုကို ထိခိုက်နစ်နာမှုမရှိအောင် ဆောင်ရွက်ထားပြီးလျှင် မိမိချစ်ခင်မြတ်နိုးသောစာပေကို သင်ကြားခွင့်ရှိသည်ဟု အခြေခံဥပဒေတွင် ဖော်ပြထားသည်နှင့်အညီ တိုင်းရင်းသားစာပေများ ထွန်းကားရေးအတွက် သင်ကြားနိုင်အောင် နိုင်ငံတော်က ကူညီသွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များကလည်း လွှတ်တော်၌ အဆိုတင်သွင်းထားမှုများ ရှိနေသည့်အတွက် ယင်းတို့၏ စာပေများ သင်ကြားနိုင်အောင် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ထမ်းအပိုင်းနှင့် ပတ်သက်ပြီး အစိုးရဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်အစိုးရ၏ လက်ရုံးများဖြစ်ကြပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမပါရှိဘဲ နိုင်ငံတော်အစိုးရ၏လုပ်ငန်းယန္တရားကြီး လည်ပတ်မရသကဲ့သို့ ဦးဆောင်မှုပေးသည့် နိုင်ငံတော်အစိုးရမပါရှိသော ဝန်ထမ်းထုများကလည်း တက်မ မပါသည့် လှေလို ပရမ်းပတာ သွားနေသည်ဟု တူနေမည်ဖြစ်ပါကြောင်း၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ဝတ္တရားထမ်းဆောင်ကြရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိရှိ ကတိတည်တည်နှင့် တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ လူမှုဘဝ တိုးတက်ရေးကိုလည်း နိုင်ငံတော်အနေဖြင့် ကျောသားရင်သား မခွဲခြားဘဲ စောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း။

သန့်ရှင်းသောအစိုးရဖြစ်အောင် နိုင်ငံတော်က ကြိုးစားလုပ်ဆောင်နေချိန်တွင် ဝန်ထမ်းများက လာဘ်ပေးလာဘ်ယူကိစ္စရပ်များ မဖြစ်အောင် ရှောင်ရှားကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်း။

နောက်တစ်ချက်မှာ ပြောင်းလဲလာသည့် နိုင်ငံ့အခြေအနေများအရ ပြည်သူများအနေဖြင့် အများအတွက် လိုအပ်ချက်ဖြစ်စေ၊ တစ်ဦးချင်း၏ လိုလားချက်ဖြစ်စေ နိုင်ငံတော်အစိုးရကို တင်ပြအကြံပေးလိုပါက မိမိနေထိုင်သော မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့်သော်လည်းကောင်း၊ အစိုးရအဖွဲ့သို့ တိုက်ရိုက်သော်လည်းကောင်း တင်ပြနိုင်ပါကြောင်း၊ မှန်ကန်သည့်နည်းလမ်းနှင့် တင်ပြချက်များအပေါ် ဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ ရွှေလီရိပ်သာ၌ လားရှိုး၊ ကျောက်မဲနှင့် မူဆယ်ခရိုင်တို့မှ ကုန်သည်လုပ်ငန်းရှင်များအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လားရှိုးမြို့၌ ပညာရေးကောလိပ်ဖွင့်လှစ်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေရရှိရေး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံး မြေနေရာရရှိရေးနှင့် ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၏ တင်ပြချက်များအနက် လက်ငင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော ကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

တင်ပြချက်များအနက် အများနှင့်သက်ဆိုင်သောကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒေသလိုအပ်ချက်များကို ယခုကဲ့သို့ တင်ပြခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရာလည်းရောက်ကြောင်း၊ နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်နေသည့် စီမံကိန်းများ အောင်မြင်စေရေးအတွက် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

လျှပ်စစ်မီးရရှိရေးလုပ်ငန်းများတွင် နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နေရသည့်အတွက် ဒေသခံလျှပ်စစ်မီးရရှိရေးကော်မတီများဖွဲ့စည်းကာ လိုအပ်ချက်များအား ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးခြင်းဖြင့် လုပ်ငန်းများပိုမိုလျင်မြန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

အလားတူ ရေရရှိရေး၊ ကျောင်းများအဆင့်မြှင့်တင်ရေးကိစ္စရပ်များတွင် ဒေသခံပြည်သူများက သစ်တောသစ်ပင်များအားထိန်းသိမ်းကာကွယ်ခြင်း၊ အဆောက်အအုံနှင့် မြေနေရာများအတွက် ဝိုင်းဝန်းပံ့ပိုးခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်ပါက ဒေသ၏ လိုအပ်ချက်များ မြန်ဆန်စွာ ရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီမံကိန်းများလည်း လျင်မြန်စွာ အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း၊ အဓိကလိုအပ်ချက်မှာ ပြည်သူလူထုက တစ်တပ်တစ်အား ပါဝင်လာရေးပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဖက်တစ်လမ်းမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၄) ရပ်ကွက်ရှိ မဟာဗောဓာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆရာတော်ထံ သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၉) ရပ်ကွက်ရှိ ခါးရိုးပရိယတ္တိ စာသင်

...တာစိုင်းမောက်ခမ်း လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ...၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား (သတင်းစဉ်)

ပြည်သူများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

လျှပ်စစ်မီးရရှိရေးလုပ်ငန်းများတွင် နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နေရသည့်အတွက် ဒေသခံလျှပ်စစ်မီးရရှိရေး ကော်မတီများဖွဲ့စည်းကာ လိုအပ်ချက်များအား ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးခြင်းဖြင့် လုပ်ငန်းများပိုမိုလျင်မြန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

အလားတူ ရေရရှိရေး၊ ကျောင်းများ အဆင့်မြှင့်တင်ရေးကိစ္စရပ်များတွင် ဒေသခံပြည်သူများက သစ်တောသစ်ပင်များအားထိန်းသိမ်းကာကွယ်ခြင်း၊ အဆောက်အအုံနှင့် မြေနေရာများအတွက် ဝိုင်းဝန်းပံ့ပိုးခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်ပါက ဒေသ၏ လိုအပ်ချက်များ မြန်ဆန်စွာ ရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီမံကိန်းများလည်း လျင်မြန်စွာ အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း၊ အဓိကလိုအပ်ချက်မှာ ပြည်သူလူထုက တစ်တပ်တစ်အား ပါဝင်လာရေးပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဖက်တစ်လမ်းမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၄) ရပ်ကွက်ရှိ မဟာဗောဓာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၉) ရပ်ကွက်ရှိ ခါးရိုးပရိယတ္တိ စာသင် တိုက်၌ ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမနအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြကာ ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ ရွှေလီရိပ်သာ၌ ကျင်းပသော လားရှိုး၊ ကျောက်မဲနှင့် မူဆယ်ခရိုင်တို့မှ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

...တာစိုင်းမောက်ခမ်း လားရှိုးမြို့ ရွှေလီရိပ်သာ၌ ...ယ်ခရိုင်တို့မှ ကုန်သည်လုပ်ငန်းရှင်များအား (သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ခရီးစဉ်၌ လိုက်ပါလာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲနှင့် နောင်ချိုမြို့တို့မှ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသော လားရှိုး၊ မူဆယ်၊ ကျောက်မဲနှင့် နောင်ချိုမြို့တို့မှ ကုန်သည်လုပ်ငန်းရှင်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် လားရှိုးခရိုင် ကုန်သည်လုပ်ငန်းရှင်များကိုယ်စား လားရှိုးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဒေးဗစ်၊ ကျောက်မဲခရိုင်ကုန်သည်လုပ်ငန်းရှင်များကိုယ်စား ကျောက်မဲခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်မောင်ဦး၊ နောင်ချိုမြို့မှ ကုန်သည်လုပ်ငန်းရှင်များကိုယ်စား နောင်ချိုမြို့နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးချစ်တင်နှင့် မူဆယ်ခရိုင် ကုန်သည်လုပ်ငန်းရှင်များကိုယ်စား မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ(၂) ဦးဌေးဦးတို့က လုပ်ငန်းလိုအပ်ချက်များနှင့်ဒေသတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ သမဝါယမဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ အေးရှားဝေါလ်ကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် New Star Light ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့က ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် မူဆယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျောက်မဲနှင့် နောင်ချိုမြို့နယ်များ၌ အဆင့်မြင့် လက်ဖက်ခြောက်များ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရေး၊ နို့စားနွားနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို ဝန်ကြီးဌာနမှ ဆက်စပ်ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူဆယ်မြို့နယ် ကုန်သည်လုပ်ငန်းရှင် ဦးမင်းမင်းက မူဆယ်မြို့ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဒေသခံလုပ်ငန်းရှင်များအား တကူးတက ဖိတ်ခေါ်တွေ့ဆုံရခြင်းမှာ အမှန်တကယ် ကြုံတွေ့နေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြစေချင်၍ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်တွေ့ရင်ဆိုင်နေရသည့် အခက်အခဲများကို ဦးစွာဖြေရှင်းပေးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကုန်ပစ္စည်းများ တင်ပို့ရာတွင် ကုန်ကြမ်းအတိုင်း တင်ပို့နေရခြင်းထက် Value Added လုပ်ပြီးမှ တင်ပို့နိုင်အောင် ရေရှည်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ရန်မှာ စက်ရုံအလုပ်ရုံများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှသာလျှင် ဖြစ်ပေါ်လာနိုင်မည်ဖြစ်၍ စက်မှုဇုန်များဖြစ်ပေါ်လာရေးသည်လည်း ထည့်သွင်းစဉ်းစားရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်တင်နိုင်ရေးအတွက် စက်မှုလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်အကောင်အထည်ဖော်နိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ (၂၈)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီမိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆု မတ် ၁ ရက်တွင်ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၂၇၈)ကြိမ် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ ရက်တွင် နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၂၇၈)ကြိမ် ကျပ် ၂၀၀ တန် ထီဖွင့်ပွဲတွင် အက္ခရာ(၂၈)လုံး၊ ထီစာအုပ်(၂၂၉၀၉၀၄) အုပ်ကို ထီထိုးသူများကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ရသဖြင့် ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ကျပ်(၂၇၄၉၀၈၄၈၀၀)တွင် ဆုမဲမပြည့်မီသဖြင့် ကျပ်(၈၄၈၀၀)ကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သိမ်းယူ၍ ကျန်ငွေစုစုပေါင်း ကျပ်(၂၇၄၉၀၀၀၀၀၀)ကို ဆုမဲများအဖြစ် ခွဲဝေပေးမည် ဖြစ်သည်။ ဆုကြီးတစ်ဆုချင်း စနစ်အရ ကျပ်သိန်း (၁၅၀၀)(၁)ဆု၊ ကျပ်သိန် (၁၀၀၀) (၁)ဆု၊ ကျပ်သိန်း(၅၀၀) (၁)ဆု၊ ကျပ်သိန်း(၃၀၀) (၂)ဆု၊ ကျပ်သိန်း(၂၀၀)(၄)ဆု၊ ကျပ်သိန်း(၁၀၀)မင်္ဂလာစုံတွဲဆု (၁၅)ယူနစ်၊ ဖြည့်စွက်ဆု (၃)ယူနစ်နှင့် အပိုဆု (၁၇၉)ဆုတို့ကို တစ်ရက်တည်းဖြင့် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ကျပ်သိန်း(၁၅၀၀)(၁)ဆု၊ ကျပ်သိန်း(၁၀၀၀)(၁)ဆု၊ ကျပ်သိန်း(၅၀၀)(၁)ဆု၊ ကျပ်သိန်း(၃၀၀)(၂)ဆု၊ ကျပ်သိန်း(၂၀၀)(၄)ဆု၊ ကျပ်သိန်း(၁၀၀)(၁၅)ဆု၊ ကျပ်(၁၀)သိန်း(၄၀၅)ဆု၊ ကျပ်(၅)သိန်း (၃)ဆု၊ ကျပ်(၃)သိန်း (၁၆၂)ဆု၊ ကျပ်(၂)သိန်း(၁၄၄၀)ဆုနှင့် ကျပ်သိန်း(၁၄၁၅၉)ဆု အပါအဝင် ဆုမဲပေါင်း (၁၆၁၉၃)ဆု ဖြစ်သည်။

ယခု (၂၇၈)ကြိမ် ကျပ် ၂၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မတ် ၈ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြထုတ်ယူနိုင်သည်ဟု အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် လားရှိုးခရိုင်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၊ ဆန်၊ ဆီနှင့် အလှူငွေများလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်ကလေးအသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ တိုင်းရင်းသားပေါင်းစုံ အမျိုးသမီးများ စုံစုံညီညီ တွေ့ရသည့်အတွက် များစွာဝမ်းသာပါကြောင်း၊ ယခုကဲ့သို့ ရှမ်း၊ ကိုးကန့်၊ ယူနန်၊ မုန်းစီးစသည့် တိုင်းရင်းသားအမျိုးသမီး လူမှုရေးအသင်းကြီးများနှင့် တစ်နေ့တည်း တစ်ချိန်တည်း ဤနေရာတွင် လာရောက်တွေ့ခွင့်ရသည့်အတွက်လည်း ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အားလုံးသည် လွန်ခဲ့သည့် ကာလများက ယဉ်ကျေးမှုနှင့် အခြားလူမှုရေးလုပ်ငန်းများကို အစဉ်အမြဲလက်တွဲလုပ်ဆောင်ကူညီခဲ့ကြပါကြောင်း၊ ဤလူမှုရေးအသင်းအဖွဲ့များကို မွန်မြတ်သည့် စိတ်ထား၊ စေတနာ၊ ဝါသနာနှင့် အနစ်နာခံနိုင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်သည့် အသင်းအဖွဲ့ကြီးများအဖြစ် ယနေ့ထိ ရပ်တည်နေနိုင်ခြင်း ဖြစ်ပါကြောင်း၊ ဦးဆောင်သည့်အဖွဲ့ ခေါင်းဆောင်၏ အရည်အချင်း၊ အဖွဲ့ဝင်များအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် စည်းစနစ်လိုက်နာမှုရှိခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်းတို့၏ အကျိုးရလဒ်တစ်ခု ဖြစ်ပါကြောင်း၊ စည်းလုံးခြင်း၏ အင်အားကြောင့် အောင်မြင်လျက်ရှိသော အသင်းကြီးအဖြစ် ယနေ့တိုင် တွေ့မြင်နေရခြင်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စည်းစည်းလုံးလုံးတွေ့ရသည့်အတွက် မိမိနှင့်အတူလိုက်ပါလာကြသည့် အဖွဲ့ဝင်များအားလုံးကိုယ်စား များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါကြောင်း၊ ရှေ့ဆက်၍လည်း အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းသားပေါင်းစုံ အမျိုးသမီးလူမှုရေး ကူညီမှုအသင်းအဖွဲ့ဝင်များနှင့် မိမိဒေသ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအကျိုးတို့ကို ရည်မှန်း၍ တိုင်းရင်းသား ညီအစ်မများနှင့်အတူ လက်တွဲဖော်ဆောင်သွားစေလိုပါကြောင်း၊ မိမိတို့ ရှမ်းပြည်နယ် မြောက်ပိုင်းသည် နယ်စပ်ဒေသနှင့် လွန်စွာ နီးကပ်သည့်အလျောက် အမျိုးသမီးများအား လူကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုတို့မှ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြုစုပျိုးထောင်ရေးနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်စေရေး လုပ်ငန်းများအား အတူတကွ လက်တွဲ၍ ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းမေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် လားရှိုးမြို့နယ်အတွင်းရှိ မိဘမဲ့ဂေဟာများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းဆောင်ရွက်မှုများအား တင်ပြပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းဝင်တစ်ဦးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်မှုများ တင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ လားရှိုးမြို့နယ်အတွင်းရှိ မိဘမဲ့ဂေဟာ ၁၂ ခုသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတ၏ ဇနီးက ဂေဟာ ၁၂ ခုအတွက် ဆန် ၆၅ အိတ်၊ ဆီ ၁၂ ပုံးနှင့် ငွေကျပ်သိန်း ၆၀ လှူဒါန်းထောက်ပံ့ပေးခဲ့သည်။

ဒုတိယသမ္မတ၏ ဇနီးနှင့် လိုက်ပါလာသော ပုဂ္ဂလိက စေတနာရှင်များကလည်း ဂေဟာ ၁၂ ခုသို့ ငွေကျပ် ၅၀၅၃၀၀၀ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မပြောမပြီး မတီးမမြည် — ပေါက်ငါရ-မပေါက်ဒါန — မခင်ထား

ဖေဖော်ဝါရီ ၁၅ ရက်က ထီတန်းလို့ လူသိများတဲ့ ၂၇ လမ်းထဲက ထီဆိုင်ကြီးတစ်ဆိုင်မှ (၂၇၈)ကြိမ်မြောက် အောင်ဘာလေသိန်းထီ ၁၀ စောင်တွဲတစ်တွဲကို ငွေကျပ် ၂၈၀၀ နဲ့ ဝယ်ယူကံစမ်းခဲ့ပါတယ်။

မိမိထိုးခဲ့သော ထီ ၁၀ စောင်တွဲမှာ က-၃၉၉၄၈၀ မှ ၈၉ အထိ အစဉ်လိုက် ၁၀ စောင်ဖြစ်ပါတယ်။ အောင်ဘာလေသိန်းဆုလက်မှတ်ပေါ်မှာ ငွေကျပ် ၂၀၀ လို့ ပုံနှိပ်ထားတာဖြစ်လို့ ပြည်တွင်းအခွန်များဦးစီးဌာနမှာသာ ဝယ်ယူခွင့်ရမယ်ဆိုရင်တော့ ငွေကျပ် ၂၀၀၀ နဲ့ အစဉ်လိုက် လက်မှတ် ၁၁ စောင်ပါ တစ်အုပ်ရမှာပါလားလို့ စိတ်ကူးယဉ်မိပါသေးတယ်။

အောင်ဘာလေသိန်းဆုလက်မှတ်ပေါ်မှာ ပုံနှိပ်ထားတဲ့ ငွေကျပ် ၂၀၀ ဖြင့် မရောင်းချခြင်းအတွက် ရေးသားတင်ပြမှုများကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂၊ ၁၅ နဲ့ ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွေမှာ ဖတ်ရှုပြီးဖြစ်ကြမှာမို့ အထူးမရေးချင်တော့ပေမယ့် မိမိတို့ ငယ်ငယ်က ထီထိုးခဲ့တဲ့အကြောင်းလေးတွေတော့ ပြန်သတိရပြီး ရေးပြချင်ပါတယ်။

မိမိတို့ ငယ်စဉ်က အောင်ဘာလေသိန်းဆုလက်မှတ်တစ်စောင် နှစ်ကျပ်ပါ။ အမြင့်ဆုံး ချီးမြှင့်တဲ့ဆုက ငွေကျပ် တစ်သိန်းပါ။ နှစ်ကျပ်လို့ သတ်မှတ်ထားတဲ့ထီတစ်စောင်ကို နှစ်ကျပ်နဲ့ပဲ ထိုးရပါတယ်။ စတီရီယိုခေတ်က နှစ်ကျပ်ဖိုးနဲ့ သိန်းထီထိုးဆိုတဲ့ သီချင်းစာသားတောင်ရှိဖူးပါတယ်။ အဲဒီတုန်းက ထီထိုးရင် "အတိတ်" ဆိုတာ ရေးရပါတယ်။ ထီပေါက်စဉ်ကိုလည်း ဖြတ်ပိုင်းပြန်ရပါက အတိတ်ပါ ကြေညာပေးပါတယ်။ ထီရုံးကို ဖြတ်ပိုင်းပြန်မရောက်ရင်တော့ "ဖြတ်ပိုင်းပြန်မလာ" ဆိုပြီး ကြေညာတတ်ပါတယ်။ "သားရှင်ပြုရန်"၊ "အကြွေးဆပ်ရန်"၊ "လှူရန်"၊ "လူပျိုကြီး မိန်းမယူရန်" စသည်ဖြင့် စိတ်ကူးထားတာလေးတွေကို ထီလက်မှတ်အပေါ်မှာ ရေးတတ်ကြပါတယ်။ အတိတ်ရေးထားတဲ့ဖြတ်ပိုင်းလေး တစ်ပိုင်းကတော့ ထီဆိုင်က ထီစာအုပ်မှာ ကျန်ခဲ့ပါတယ်။ တစ်ရွက်သာကျန်တဲ့ ထီစာအုပ်ကို ရွေးထိုးတဲ့သူကတော့ "တစ်ရွက်ကျန် တစ်သက်စံ"ဆိုတဲ့ အတိတ်ရေးတတ်ကြပါတယ်။ ထီဆိုင်များက ထီထိုးသူကို ထီဆိုင်နာမည်ပါတဲ့ စာအိတ်လေးနဲ့ ထီလက်မှတ်ကို ထည့်ပေးလေ့ရှိပါတယ်။

ဟိုတစ်ချိန်တုန်းက ကုန်ဈေးတန်းဘက်ကိုရောက်ရင် မိခင်ကြီးဟာ နာမည်ကြီး "အောင်ဆုပန်ထီဆိုင်"ကို သွားပြီး ထီထိုးလေ့ရှိပါတယ်။ အတိတ်ကိုတော့ "လှူရန်"လို့ ရေးခိုင်းတတ်ပါတယ်။ ထီထိုးပြီးတိုင်း မိခင်ကြီး ပြောလေ့ရှိတဲ့ စကားကတော့ "ပေါက်ငါရ-မပေါက်ဒါန"တဲ့။

အဲဒီ "ပေါက်ငါရ မပေါက်ဒါန"ဆိုတဲ့ စကားကိုပြောပြီး ထီထိုးခဲ့တာလည်း သေတဲ့အထိပါပဲ။ အသက်ကြီးလာလို့ အပြင်မထွက်နိုင်ချိန်မှာတော့ သားသမီးတွေက အမေ့အတွက် အမေ့ကံဆိုပြီး ထီလက်မှတ်ဝယ်ပေးကြပါတယ်။

အောင်ဘာလေသိန်းဆုလက်မှတ်ရောင်းရငွေအပေါ် သတ်မှတ်ရာခိုင်နှုန်းနဲ့ နိုင်ငံ့အကျိုးအတွက် အသုံးပြုခွင့်ရတာမို့ "ပေါက်ငါရ-မပေါက်ဒါန" ဆိုတဲ့ စကားက သဘောတရားအမှန်အကန်ဖြစ်ပေမယ့် အခုလို ငွေကျပ် ၂၀၀ တန် သိန်းဆုလက်မှတ်ကို ငွေကျပ် ၂၀၀ မက ပေးဝယ်နေရပြန်တော့ အမေ့စိတ်ထားမျိုး မွေးဖို့က စိတ်ထဲတစ်မျိုးကြီးပါပဲ။ "ပေါက်ငါရ-မပေါက်ဒါန၊ ဒါန"ဆိုပြီး "ဒါန" တစ်လုံးထပ်တိုးဆိုရမလိုဖြစ်နေပါပြီ အမေရေ-

နည်းနည်းတော့ တွေးကြည့်မိပါသေးတယ်။

"ကံထမ်းလာတာကို မမြင်ရ"ဆိုပြီး ကံစမ်းနေတာဟာ တစ်ဖက်က "ကံ"ကို ယုံသလို အခြားတစ်ဖက်က လောဘစွက်နေမိတာလား။ ငွေကျပ် ၂၀၀ တန်ထီကို ငွေကျပ် ၂၀၀ မက ပေးပြီး ကံစမ်းရလေတိုင်း စိတ်ထဲမကျေမလည်လေး ဖြစ်ရပြန်တာမို့ လောဘနောက်ကို ဒေါသပါလိုက်နေမိပြန်ပြီလား။

သတ်မှတ်ပေးထားတာ ငွေကျပ် ၂၀၀၊ ရောင်းနေတာက ငွေကျပ် ၂၈၀ ဆိုတော့ အတွင်းဈေး အပြင်ဈေးဆိုတဲ့အသုံးအနှုန်းကြီး ဆက်သုံးနေကြဦးမှာလား စတဲ့ "လား" ပေါင်း များစွာနဲ့. . .။

စက်ဘီးဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ၏လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် စက်ဘီးဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၁၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးနှင့် အောင်နိုင်ရေးအထောက်အကူပြုကော်မတီ လေ့ကျင့်ရေးစခန်းသင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သင်တန်းနည်းပြ အပြည်ပြည်ဆိုင်ရာ စက်ဘီးသမဂ္ဂအသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး Mr. Nutha Pong Lu Hit Navee နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း(**ယာပုံ**)က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်မည့် သင်တန်းသည် မြန်မာ့စက်ဘီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပထမဦးဆုံး ဖွင့်လှစ်ပို့ချသည့် သင်တန်းဖြစ်ကြောင်း၊ ဤသင်တန်းတွင် အပြည်ပြည်ဆိုင်ရာ စက်ဘီးအဖွဲ့ချုပ် (UCI)က နောက်ဆုံး တည်းဖြတ်ထုတ်ဝေထားသော စက်ဘီးအားကစားနည်းဥပဒေများ၊ ဒိုင်လူကြီးများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာ စက်ဘီးပြိုင်ပွဲများတွင် (UCI)ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များကို မြန်မာဘာသာပြန်ဆိုထားသော တိုးတက်ပြောင်းလဲနေသည့် စက်ဘီးဥပဒေများအား မြန်မာစက်ဘီးဒိုင်လူကြီးများ သိရှိနားလည် တတ်ကျွမ်းစေရန် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ အခြားသော အားကစားနည်းများအတွက်လည်း ဒိုင်သင်တန်းများဖွင့်လှစ်ပေးပြီး နိုင်ငံတကာအသိအမှတ်ပြု ဒိုင်လက်မှတ်များ ရရှိကာ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများအဖြစ် တာဝန်ထမ်းဆောင်နိုင်သည်အထိ အဆင့်ဆင့် ဆက်လက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့က ခေတ်နှင့်လျော်ညီအောင် ငွေကုန်ကြေးကျများစွာ စိုက်ထုတ်သုံးစွဲခဲ့ရသော စက်ဘီးအားကစားနည်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ယခုသင်တန်းမှ ရရှိလာသော အသိပညာများကို အသုံးချပြီး ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အဆင့်မီ ဒိုင်လူကြီးများအဖြစ် ပါဝင်တာဝန်ထမ်းဆောင်နိုင်ရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသာဋ္ဌေးက သင်တန်းသားများအနေဖြင့် နိုင်ငံအလိုက် ယှဉ်ပြိုင်ကြသည့် နိုင်ငံတကာ ပြိုင်ပွဲများတွင် ဥပဒေနှင့်အညီ မိမိတို့နိုင်ငံဘက်မှ ရပ်တည်နိုင်ရန်၊ စက်ဘီးအားကစား ပြိုင်ပွဲများ၏ Rules and Regulations များကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားကြရေးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က နိုင်ငံတော်၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့က စိတ်ပါဝင်စားစွာ ပံ့ပိုးကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်အနိုင်ရရှိရန်၊ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြင်းပြသည့် အောင်နိုင်လိုစိတ်များ မွေးမြူဆောင်ရွက်သွားကြရေးတို့အား မှာကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား ၂၄ ဦး၊ သင်တန်းသူ ၁၀ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဂါဘယအဖြစ်များမှုတွင် ကင်ဆာရောဂါထိပ်ဆုံးမှပါဝင် တိုင်းရင်းဆေးတစ်မျိုးဖြင့် ကင်ဆာဆဲလ်သေစေနိုင်ကြောင်း သုတေသနပြုတင်ပြ

သတင်းဆောင်းပါး
ဖြိုးဇင်(ကြေးမုံ)
ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

ပြည်သူလူထုအား အကျိုးပြုစေမည့် အရည်အသွေးကောင်းမွန်သော တိုင်းရင်းဆေးသုတေသန လုပ်ငန်းများပေါ်ထွက်လာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးဆောင်ကျင်းပသည့် တတိယအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ ကျင်းပရာ ကြေးမုံသတင်းအဖွဲ့ တိုင်းရင်းဆေးပညာရှင်များအား တွေ့ဆုံမေးမြန်းခဲ့သည်။

"မြန်မာနိုင်ငံရဲ့ တစ်ခုတည်းသော တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှာ မြန်မာ့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့ အခုလို သုတေသနစာတမ်းဖတ်ပွဲတွေကို နှစ်စဉ်ကျင်းပနိုင်တဲ့အတွက် ဂုဏ်ယူပါတယ်။ ဆက်လက်ပြီးတော့လည်း ကြိုးစားသွားပါ့မယ်"ဟု တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာသန်းမောင်က ဦးစွာပြောကြားသည်။

အဆိုပါ တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ၂၀၀၂ ခုနှစ်က ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယနေ့အထိ တိုင်းရင်းဆေးပညာဘွဲ့ (BMTM) ဘွဲ့ရ လူ့အရင်းအမြစ် ၈၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့ပြီး မဟာဘွဲ့(MMTM) ဘွဲ့သင်တန်းများလည်း တိုးချဲ့ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား တွေ့ရစဉ်။

ဦးထွန်းရွှေ
(ထွန်းရွှေဝါ တိုင်းရင်းဆေး)

မည်သည့်ဘာသာရပ်၊ လုပ်ငန်းမဆို သုတေသနထားရှိ ဆောင်ရွက်မှသာ အထောက်အထားခိုင်လုံမှု၊ တိကျမှုရှိပြီး ဖွံ့ဖြိုးလာမည်ဖြစ်ရာ သက်ဆိုင်ရာ ဘာသာရပ်နှင့် နီးနွယ်ပတ်သက်နေသောလုပ်ငန်း၊ ဌာနများ ဆေးဝါးထုတ်လုပ်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုသည်ကိုတွေ့ရသည်။

မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီလျက်ရှိသော ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦးက "သုတေသနစာတမ်းဖတ်ပွဲမှာ တင်သွင်းဖတ်ကြားတဲ့ စာတမ်းတွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုအဆင့်မြင့်လာသလို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေကလည်း တက်ရောက်လေ့လာတာတွေ့ရလို့ ဝမ်းသာမိပါတယ်။ မြန်မာ့တိုင်းရင်းဆေးလောကဖွံ့ဖြိုးဖို့ ကျရာအခန်းကဏ္ဍက ဆက်ပြီးတော့ပါဝင်ကူညီသွားပါမယ်"ဟု ပြောကြားသွားသည်။

ထို့အတူ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေက "မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ဖို့၊ ဆေးစွမ်းအာနိသင်ထက်တဲ့ဆေးဝါးတွေ ထုတ်လုပ်နိုင်ဖို့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေအနေနဲ့ သုတေသန ဓာတ်ခွဲခန်းတွေ ထားရှိထုတ်လုပ်သွားဖို့ လိုအပ်ပါတယ်။ ဒါမှသာ အရည်အသွေးစစ်မှန်ပြီးတော့ သုံးစွဲသူပြည်သူတွေရဲ့ စိတ်ချယုံကြည်မှုကို ရရှိမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးဖွံ့ဖြိုးဖို့အတွက် တစ်ဖက်တစ်လမ်းက ပါဝင်ကူညီဆောင်ရွက်သွားပါမယ်"ဟု ထုတ်လုပ်သူများဘက်က မြန်မာ့တိုင်းရင်းဆေးလောကအပေါ် အမြင်များကို ပြောပြသွားကြသည်။

ယခုနှစ်ကျင်းပသော တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်းများကို နိုင်ငံတကာအဆင့်မီ အင်္ဂလိပ်ဘာသာဖြင့် တင်သွင်းဖတ်ကြားသော စာတမ်းများပါရှိသလို တိုင်းရင်းဆေးနှင့် နီးနွယ်သော သစ်တောသုတေသနဌာန၊ ရန်ကုန်တက္ကသိုလ်(ရုက္ခဗေဒဌာန)စသည့် အခြားဌာနများမှ ပိုမိုပါဝင်တက်ရောက်လေ့လာဆွေးနွေးလာကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ မြန်မာ့တိုင်းရင်းဆေးသည် ရိုးရာအခြေခံဆေးနည်းတစ်ရပ်ဖြစ်သလို နိုင်ငံအနှံ့ သဘာဝတောတောင်ရေမြေတွင် ဒေသအလိုက် ပေါက်ရောက်သော သစ်ပင်၊ သစ်မြစ်၊ သစ်ဥ၊ တိရစ္ဆာန်ထွက်ပစ္စည်း စသည့် ကုန်ကြမ်းပစ္စည်းများကို ရောနှောဖော်စပ်အသုံးပြုရခြင်းကြောင့် ဒေသအလိုက် အခေါ်အဝေါ်များ၊ ရုက္ခဗေဒအခေါ်အဝေါ်များ၊ ကမ္ဘာသုံးတိကျသည့် သိပ္ပံအမည်များ စသည်ဖြင့် ကွဲပြားမှုမရှိစေရန် ယခုကဲ့သို့ နီးနွယ်ရာဌာနများမှ ပါဝင်ဆွေးနွေးပြီး တူညီသောသုတေသနတွေ့ရှိချက်များ ရရှိနိုင်ရန်

ဦးမောင်မောင်ဦး
(ဂရိတ်ဝေါတိုင်းရင်းဆေး)

ပေါင်းစပ်မှုဖြစ်ကြောင်းလည်း သိရှိခဲ့ရသည်။

စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားသော စာတမ်းများသည် အများအားဖြင့် လက်ရှိတွင် အသုံးပြုနေသော ဆေးပင်၊ ဆေးရွက်တို့တွင်ပါဝင်သော ဒြပ်ပေါင်းများကို အသေးစိတ် ခွဲခြားစိတ်ဖြာ သုတေသနပြု၍ ၎င်းတို့၏ အကျိုးအာနိသင်၊ အဆိပ်အတောက်ဖြစ်စေနိုင်မှု၊ ရောဂါပျောက်ကင်းစေနိုင်မှုတို့ကို အချိန်ယူ လေ့လာစမ်းသပ်သုတေသနပြု တွေ့ရှိချက်များဖြင့် ဆွေးနွေးဖတ်ကြားတင်ပြကြခြင်းဖြစ်ရာ တိုင်းရင်းဆေးလောကအတွက် တန်ဖိုးမဖြတ်နိုင်သည့် အသိပညာဖလှယ်ပွဲကြီးပင်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များက စာတမ်းအစောင် ၃၀ ကို နှစ်ရက် ဖတ်ကြားဆွေးနွေးကြပြီး ပိုစတာရှစ်စောင်ကိုလည်း ပြသထားရာ လေ့လာမိခဲ့သမျှစာတမ်းအချို့နှင့် ပိုစတာအချို့ကို ထုတ်နုတ်ဖော်ပြရလျှင်-

စာတမ်းရှင်-ဒေါ်ဝတ်မှုံနွယ် (ပရဆေးဗေဒဌာန၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေး)၏ "ပိစပ်ရွက်၏ နံ့ထွက် ဆီတွင်ပါဝင်သော ဒြပ်ပေါင်းများ ခွဲခြမ်းလေ့လာခြင်းနှင့် ပြည်တည်နာပိုး သေစေနိုင်မှုကို လေ့လာခြင်း"စာတမ်းတွင် လူပြောများလျက်ရှိသော ပိစပ်ရွက်သည် မြစ်ချင်းပြီး တိုင်းရင်းဆေးအဖြစ် ကျော်ကြားသလို အဆိပ်ရှိအပင်အဖြစ်လည်း အသုံးပေါ်မှုတည်၍ အမျိုးမျိုးကွဲပြားလျက်ရှိကြောင်း၊ ပိစပ်ရွက်၏ နံ့ထွက်ဆီကို ထုတ်ယူ၍ ဒြပ်ပေါင်းများကိုလေ့လာခဲ့ရာ ပြည်တည်နာရောဂါပိုးကို သေစေနိုင်သော သတ္တိရှိသဖြင့် ပိစပ်ရွက်ကို ကြိတ်ခြေအုံစည်းခြင်းဖြင့် ထိခိုက်ဒဏ်ရာနှင့် ပြည်တည်နာများ သက်သာပျောက်ကင်းစေကြောင်း လေ့လာတင်ပြထားသည်။

ပိုစတာရှင်- ဒေါက်တာခင်ဖြူဖြူ (ညွှန်ကြားရေးမှူး၊ ဆေးသုတေသနဦးစီးဌာန၊ အထက်မြန်မာပြည်)၏ "ဗက်တီးရီးယားပိုးများဖြင့် အနာဖြစ်အောင်ပြုလုပ်ထားသော ကြွက်ဖြူလေးများ ပေါ်တွင် သက်ရင်းကတိုးမြစ်၏ အနာကျက်အာနိသင်ကို လေ့လာခြင်း" ပိုစတာတွင် သက်ရင်းကတိုးပင်အား မီးလောင်နာ၊ အနာပဆုပ်၊ အဖျားနှင့် သွေးမန်းတက်ခြင်းရောဂါများ ကုသရာတွင် အသုံးပြုသော တိုင်းရင်းဆေးဖြစ်သည့် အပြင် ညှော်ခံမြစ်ဟူ၍လည်း လူသိများကြောင်း၊ သုတေသနတွေ့ရှိချက်အရ သက်ရင်းကတိုးမြစ်သည် ဗက်တီးရီးယား ရောဂါပိုးများကို သေစေနိုင်သော အာနိသင် ရှိသည့်အတွက် ထိခိုက်ရှနာနှင့် အရေပြားပေါ်တွင် ဖြစ်တတ်သော ရောဂါများကို ဗက်တီးရီးယားရောဂါပိုးမွှားများ ဝင်ရောက်မှုမှ ကာကွယ်ရန် အသုံးပြုသင့်ကြောင်း တင်ပြထားသည်။

စာတမ်းရှင်-ဒေါက်တာသိန်းဇော်လင်း (သုတေသနမှူး၊ သုတေသနဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး)၏ "ဒန္တကူးနီတွင် ပါဝင်သော ဒြပ်ပေါင်းများနှင့် ၎င်းတို့၏ ကင်ဆာဆဲလ် သေစေနိုင်သော အာနိသင်လေ့လာခြင်း" စာတမ်း၌ လူနေမှုပုံစံများ ပြောင်းလဲနေသည်နှင့်အမျှ ရောဂါဘယများလည်း ပိုမိုရှုပ်ထွေးစွာ အဖြစ်များလျက်ရှိရာ ကင်ဆာရောဂါသည် ထိပ်ဆုံးမှ ပါဝင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံထွက် ဆေးပစ္စည်းတစ်မျိုးဖြစ်သည့် ဒန္တကူးနီသည် ကင်ဆာဆဲလ်ကို သေစေနိုင်သော အာနိသင်ရှိသည့် ဒြပ်ပေါင်းများ ပါဝင်မှုကို လေ့လာသုတေသနပြုတင်ပြထားသော စာတမ်းဖြစ်သည်။

ဒေါက်တာ သန်းမောင်
(တိုင်းရင်းဆေး တက္ကသိုလ် ပါမောက္ခချုပ်)

အထက်ပါစာတမ်းအချို့သည် မိမိတို့သတင်းအဖွဲ့ တက်ရောက်လေ့လာမိသမျှ လက်လှမ်းမီသရွေ့ ဖော်ပြရခြင်းဖြစ်သည်။ ပညာရပ်ဆိုင်ရာ သုတေသနနယ်ပယ်သည် အလွန်နက်ရှိုင်းကျယ်ပြန့်သလို အစဉ်အမြဲ လေ့လာသုတေသနပြုနိုင်ရန်လည်း လိုအပ်သည်။ သို့မှသာ ပြည်သူအများလက်ခံယုံကြည်နိုင်လောက်သည့် တိုင်းရင်းဆေးများကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ သုတေသနတွေ့ရှိချက်များကို နီးနွယ်ရာဌာနများနှင့် တိုင်းရင်းဆေး လောကသားများကပညာ၊ စေတနာ၊ ကုသိုလ်စိတ်တို့ပေါင်းစပ်၍ ဆက်လက်ဖော်ထုတ်မြှင့်တင်နိုင်မည်ဆိုပါက မိမိတို့၏ ရိုးရာ မြန်မာ့တိုင်းရင်းဆေးဝါးများသည် ဆေးစွမ်းထက် အာနိသင်ရှိကြောင်း မှတ်ကျောက်တင်ခံနိုင်လိမ့်မည် ဖြစ်ပါကြောင်း။ ။

ဒေါက်တာ သိန်းဇော်လင်း
(သုတေသနမှူး)

ဒေါ်ဝတ်မှုံနွယ်
(ဆေးဝါးတက္ကသိုလ်၊ မန္တလေး)

ဒေါက်တာ ခင်ဖြူဖြူ
(ညွှန်ကြားရေးမှူး၊ ဆေး/သု)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကထံပေးပို့သော သဝဏ်လွှာအား ဖတ်ကြားတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ယနေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၄၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အဆို(၁)ခုဆက်လက်ဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခုဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခု မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်း(၁)ခု ရှင်းလင်းတင်ပြခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကထံပေးပို့သော သဝဏ်လွှာအား ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါသဝဏ်လွှာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက်နှင့် ပြည်ထောင်စုလွှတ်တော်အတွက် အထူးအရေးကြီးသကဲ့သို့ သမိုင်းတွင်မည့် အစည်းအဝေးကြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေများ အတည်ပြုပြဋ္ဌာန်းပေးရမည့် အစည်းအဝေးကြီးလည်းဖြစ်ပါကြောင်း။

ခေတ်ပြောင်း စနစ်ပြောင်း နောင်လာနောက်သားများ၏ အတုယူဖွယ် ဂုဏ်ယူဖွယ် သာဓကပြဖွယ် ဖြစ်နိုင်ရေးအတွက် နာယကကြီး ဦးဆောင်သော မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက တာဝန်အရ ဆောင်ရွက်ရမည့်ကိစ္စများကို ဥပဒေနှင့်အညီ ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မိမိအနေဖြင့် (၇-၂-၂၀၁၂)ရက်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြချက်နှင့် အဆိုပြုချက်များကို ကန့်ကွက်သူမရှိ အားလုံးထောက်ခံခဲ့ပါကြောင်း၊ သို့ရာတွင် (၁၆-၂-၂၀၁၂)ရက်က နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီးများက ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြချက်များမှ အကျဉ်းချုပ်မှာ ဝန်ထမ်းများအား လစာတိုးမြှင့်ပေးလိုသော်လည်း လက်ရှိအခြေအနေများအရ တိုးမြှင့်ပေးနိုင်ခြင်းမရှိဘဲ ဝေးလံခေါင်သီသောဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်သူများ၏ လစာငွေကို တိုးမြှင့်ပေးရန်အတွက် စီစဉ်ပေးမည်ဖြစ်ကြောင်း တင်ပြခဲ့ပါကြောင်း။

ထိုသို့တင်ပြချက်များမှာ အုပ်ချုပ်ရေးအဖွဲ့က တင်ပြထားသော စီမံကိန်းများ၊ Project များအတိုင်း ပြည်ထောင်စုလွှတ်တော်က သဘောတူခွင့်ပြုဥပဒေပြုပေးနိုင်ရန်နှင့် ထိုဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဟု သဘောပါရှိပါကြောင်း၊ **ဥပဒေပြုရေးတာဝန်သည် ပြည်ထောင်စုလွှတ်တော်၏ အဓိကတာဝန်ဖြစ်ပြီး ပြဋ္ဌာန်းအတည်ပြုထားသော ဥပဒေများအတိုင်း သက်ဆိုင်သူများ၊ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ညီညွတ်စွာလုပ်ဆောင်ခြင်း ရှိ/မရှိတို့ကို ဖွဲ့စည်းထားသောကော်မတီ၊ ကော်မရှင်များက စောင့်ကြည့်လေ့လာ သုံးသပ်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ထို့ကြောင့် တင်ပြလာသော စီမံကိန်းများ၊ Project များကို **စိတ်ကောင်း စေတနာကောင်းဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် ပြည်သူ့ဘဏ္ဍာငွေများကို စနစ်တကျ မှန်မှန်ကန်ကန်အသုံးပြုကြစေရန် ဥပဒေပြုအဖွဲ့အစည်းများက စောင့်ကြည့်လေ့လာသုံးသပ်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကျင်းပနေသည့် ယနေ့ကာလတွင် ယင်းကိစ္စကို အရေးကြီးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် အချိန်ပေးပြီး စေ့စေ့စပ်စပ် လေ့လာဆောင်ရွက်ရမည့်အချိန်လည်းဖြစ်ပါကြောင်း။**

စိစစ်လေ့လာသုံးသပ်ချက်များအရ ပိုထွက်လာသောငွေများကို ပြည်သူ့ဝန်ထမ်းများအား ၎င်းတို့၏ အခြေခံစားဝတ်နေရေးအတွက် လုပ်ခ၊ လစာများ သတ်မှတ်ဆောင်ရွက်ပေးရန်ဖြစ်သည်ဟု အစိုးရအဖွဲ့က ခံယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယနေ့ နေပြည်တော်အတွင်းရှိ အလုပ်သမားများ၏ လုပ်ခများကို လေ့လာတင်ပြလိုပါကြောင်း။

(က) လုပ်ငန်းစတင်ဝင်ရောက်လုပ်ကိုင်သည့် အလုပ်ကြမ်းသမား တစ်ယောက်၏ တစ်ရက် လုပ်အားခ ငွေကျပ်(၂၀၀၀) နှုန်း ဖြစ်ပြီး တစ်လငွေကျပ်(၆၀၀၀၀)၊

(ခ) လုပ်သက်(၁/၂)နှစ်ရှိ အလုပ်ကြမ်းသမားတစ်ယောက်၏ တစ်ရက်လုပ်အားခ ငွေကျပ် (၃၀၀၀)နှုန်းဖြစ်ပြီး တစ်လ ငွေကျပ် (၉၀၀၀၀)၊

(ဂ) လုပ်သက်(၂/၃)နှစ်ရှိ အလုပ်ကြမ်းသမားတစ်ယောက်၏ တစ်ရက်လုပ်အားခ ငွေကျပ် (၄၀၀၀)နှုန်းဖြစ်ပြီး တစ်လ ငွေကျပ်(၁၂၀၀၀၀)၊

(ဃ) လုပ်သက်(၃/၄/၅)နှစ်ရှိ အလုပ်ကြမ်းသမားတစ်ယောက်၏ တစ်ရက်လုပ်အားခ ငွေကျပ် (၅၀၀၀)နှုန်းဖြစ်ပြီး တစ်လ ငွေကျပ်(၁၅၀၀၀၀)ရရှိပါကြောင်း။

ထို့ကြောင့် ပြည်သူ့ဝန်ထမ်းများအတွက် လုပ်ခ၊ လစာများအား နိုင်ငံတော်တွင် ငွေကြေးလုံလောက်အဆင်ပြေလျှင် အနိမ့်ဆုံး ပျမ်းမျှ တစ်လလျှင် ငွေကျပ်(၁၀၀၀၀၀)နှုန်း ဝန်းကျင်ဖြစ်သင့်ပါကြောင်း၊ အနိမ့်ဆုံးလစာ ငွေကျပ်(၁၀၀၀၀၀)ဝန်းကျင် ရရှိသောသူအား ထိုက်သင့်သော အခွန်နုတ်ပယ်ပါက တစ်လလျှင် ငွေကျပ် (၈၀၀၀၀/၉၀၀၀၀) ပေးသင့်ပါကြောင်း၊ ငွေကြေးအလုံအလောက်အဆင်မပြေသေးပါက ဖြစ်နိုင်သလောက် တိုးမြှင့်ပေးသင့်ပါကြောင်း။

ထိုသို့ လစာငွေ(အနိမ့်ဆုံး)ပေးရန်အတွက် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလာသောစီမံကိန်းများ၊ လုပ်ငန်း (Project) များအနက် လောလောဆယ် ဆောင်ရွက်ရန် မသင့်သေးသော စီမံကိန်း၊ လုပ်ငန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ပြုလုပ်ရမည် ဖြစ်ပါကြောင်း၊ အစိုးရကိုယ်တိုင် လုပ်ဆောင်ရန် မသင့်သော လုပ်ငန်း၊ စီမံကိန်းများအား FDI, PPP (သို့မဟုတ်) ပုဂ္ဂလိကများသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း၊ စီမံကိန်း၊ လုပ်ငန်းများအား အချိန်ဆွဲလုပ်သင့်သည့် ကိစ္စရပ်များကို အချိန်ဆွဲလုပ်ဆောင်စေခြင်းများမှ ပေါ်ထွက်လာသော ငွေများကို ဝန်ထမ်းလစာအဖြစ် ပြောင်းလဲပေးလျှင် ရာခိုင်နှုန်းတစ်ခုအထိ လာမည့် (၂၀၁၂-၂၀၁၃)ခုနှစ် ဘတ်ဂျက်အစကတည်းက လစာများတိုးမြှင့်နိုင်မည်ဟု တွေ့မြင်သိရှိထားပါကြောင်း။

၎င်းစီမံကိန်း၊ လုပ်ငန်းများမှာ စက်မှုဖွံ့ဖြိုးရေးစီမံကိန်းနှင့် နေပြည်တော်ဖွံ့ဖြိုးရေးစီမံကိန်းတို့ဖြစ်ပြီး ဆက်လက်စိစစ်ပါက ပေါ်ထွက်လာနိုင်သော **စာမျက်နှာ ၃ ကော်လံ ၁ သို့**

တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ယူခွင့်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

၂၀၁၂ ခုနှစ် မတ် ၁၂ ရက်မှ မတ် ၂၂ ရက်အထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီး၌ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card)များကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် (တနင်္လာနေ့)မှ စ၍လည်းကောင်း၊ ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲ ဝင်ခွင့်ကတ်ပြားများကို ၂၀၁၂ ခုနှစ် မတ် ၁ ရက်(ကြာသပတေးနေ့)မှစ၍လည်းကောင်း စာမေးပွဲရက်မတိုင်မီ ထုတ်ယူကြရန်ဖြစ်သည်။

ထိုသို့ထုတ်ယူရာတွင် အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်ကြသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံ စာစစ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ယနေ့သတင်းအညွှန်း

သတင်းမီဒီယာကိစ္စများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုပ်မြင်သံကြားသတင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်မည်
ပြည်တွင်းသတင်း စာမျက်နှာ ၆

ပေါက်ငါရ-မပေါက်ဒါန
"သတ်မှတ်ပေးထားတာ ငွေကျပ် ၂၀၀ ရောင်းနေတာက ငွေကျပ် ၂၈၀ ဆိုတော့ အတွင်းဈေး အပြင်ဈေးဆိုတဲ့ အသုံးအနှုန်းကြီး ဆက်သုံးနေကြဦးမှာလား"
မခင်ထား၏ မပြောမပြီး မတီးမမြည်မှ စာမျက်နှာ ၉

MNL အသင်းများနှင့် ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာတို့ ခြေစမ်းမည်
အားကစားသတင်း စာမျက်နှာ ၆

ရောဂါဘယအဖြစ်များမှုတွင် ကင်ဆာရောဂါ ထိပ်ဆုံးမှပါဝင် တိုင်းရင်းဆေးတစ်မျိုးဖြင့် ကင်ဆာဆဲလ် သေစေနိုင်
သတင်းဆောင်းပါး စာမျက်နှာ ၁၀